ကြေးမုံ The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်၊ သောကြာနေ့ (27-11-2015) (၈၃၉၇)

**ဗုဒ္ဓအလိုကျ အဆုံးအမတော်**

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။
(ဓမ္မပဒ)

# မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး ဌာပနာတော်သွင်း၊ မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်၊



## ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာနှင့် ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော်အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး တက်ရောက်ကြည်ညို

**နေပြည်တော် နိုဝင်ဘာ ၂၆**

မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး ဌာပနာတော်သွင်း၊ မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာနှင့် ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် အောင်မောဠိ တောင်ညွန့်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသောဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်အတူ **စာမျက်နှာ ၃ ကော်လံ ၁ သို့**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီးအား ရွှေကြာသင်္ကန်းတော် ကပ်လှူပူဇော်ကြစဉ်။ (သတင်းစဉ်)

**လူထုဒေါ်အမာ နှစ်(၁၀၀)ပြည့်မွေးနေ့ အထိမ်းအမှတ်ပွင့်ပွဲနှင့် ဟောပြောပွဲကျင်းပ** စာမျက်နှာ - ၁၀

**မြန်မာနိုင်ငံရဲ့ စတော့ရှယ်ယာဈေးကွက်ဟာ မြန်မာနိုင်ငံထက် ၁၅ နှစ်စောတဲ့ ဗီယက်နမ်စတော့ဈေးကွက်ကို သုံးနှစ်လောက်နဲ့ မီမယ်လို့ ပညာရှင်တစ်ယောက်က ခန့်မှန်းထားပါတယ်** စာမျက်နှာ - ၁၁

ခေတ်မီ၊ လှပ၊ စတိုင်ကျတဲ့ SMART ဧပက် ရှိုလာ ခြင်ဇကာ ကို တပ်ဆင်ပါ။
ခြင်ဇကာကို မလိုအပ်ချိန်တွင် ခေါင်းထဲသို့ လိပ်သိမ်းထားနိုင်၍ မြင်ကွင်းရှင်းသည်။
သံချေးတက်ခြင်း၊ ဆွေးမြေ့ခြင်း မရှိသော ဖိုင်ဘာဂလတ်(စ်) ခြင်ဇကာသား၊
ရန်ကုန် - 01 450 962, 09 431 44178, 09 79222 8860
မန္တလေး - 09 250 638 611, 09 798 797 917
မြို့နယ်/တိုင်းဒေသကြီးတွင် တပ်ဆင်ပေးနိုင်သည်။
အလူမီနီယံနှင့် U-PVC တပ်ဆင်ရေးလုပ်ငန်းရှင်များ လက်ကားဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ကားမှန် မှန်စပေါ့ နှင့် အက်ကြောင်းရှည် များကို အပိုင်၊ အပီ ဆေးထိုးပေးတဲ့ မှန် ဒေါက်တာ
ရန်ကုန် 09 4211 51119, 09 4500 54449
မန္တလေး 09 250 638 611, 09 798 797 917

နဂါးနီ ဘရိတ်ခါးဆူးကြိုးတပ်ဆင် ဖြန့်ချိရေး

| အမျိုးအစား | အစွမ်းလွတ် (၁၂-ကလပ်) | တပ်ဆင်ပြီးဈေး |
|---|---|---|
| ဂါတာနိုက် | ၆၀၀၀ ကျပ် | ၁၀၀၀၀ ကျပ် |
| စတီး | ၁၀၀၀၀ ကျပ် | ၁၅၀၀၀ ကျပ် |

တပ်ဆင်ပြီးဈေး - တိုင်၊ ထန်း၊ ဝရုန်းဝိုင်း၊ တပ်ဆင်ခနှင့် သယ်ယူစရိတ်အားလုံးပါဝင်ပြီးဖြစ်သည်။
အမျိုးအစားအလိုက် ဈေးနှုန်းမှန်ဖြင့် စနစ်တကျ တပ်ဆင်ပေးသည်။
Ph : 01 541 018, 09 79 656 9001, 09 79 656 9002

ကြေးမုံစာတည်းရှုထောင့် ၂၇-၁၁-၂၀၁၅၊ သောကြာနေ့

# ဒီမိုကရက်တစ်ပန်းပေါင်းစုံဥယျာဉ်

မျက်မှောက်ကာလ မြန်မာနိုင်ငံကို နိုင်ငံတကာက စိတ်ဝင်စားမှုမြင့်မားနေသည်။ မကြာသေးမီက ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသော နိုင်ငံအများအပြားက မြန်မာနိုင်ငံအား ချီးကျူးဂုဏ်ပြုအသိအမှတ်ပြုကြသည်။ အာဆီယံနိုင်ငံများအပြင် ထိပ်သီးနိုင်ငံကြီးများကပင် မြန်မာနိုင်ငံအပေါ် အသိအမှတ်ပြု ဆက်ဆံမှုပြုလာကြသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။

မြန်မာနိုင်ငံသည် ကြမ်းတမ်းခက်ထန်သော ခရီးကြမ်းများတွင် ရုန်းကန်လှုပ်ရှားလျှောက်လှမ်းခဲ့ရာ၌ စွန်းထင်းမှုအချို့ရှိခဲ့သော်လည်း မျက်မှောက်ကာလတွင် နုပျိုသစ်လွင်သော အသွင်ကို ဆောင်လာသည်။ အိုမင်းသောအသွင်မှ ပျိုလွင်သောအပျိုစင်လေးကဲ့သို့၊ မြက်ရိုင်းများ ထူထဲသောခြံမြေမှ ပန်းပေါင်းစုံဖူးပွင့်ဝေဆာလာသော ဥယျာဉ် တစ်ခုကဲ့သို့ဖြစ်ပေါ်လာခဲ့သဖြင့် စိတ်ဝင်စားသူများ ပေါ်များလာသည်မှာ အဆန်းမဟုတ်ချေ။

ရေခံမြေခံကောင်းသော၊ သဘာဝအလှတရားများကို ပိုင်ဆိုင်ထားသော မြန်မာနိုင်ငံအဖို့ ပတ္တမြားမှန်လျှင် နွံမှာမနစ်သကဲ့သို့ နွံတွင်နစ်ခဲ့သော ပတ္တမြားခဲမှ အညစ်အကြေးများကို ဆေးကြောသုတ်သင်လိုက်သည်နှင့် အဖိုးတန်ရတနာတစ်ပါးဖြစ်လာသောအခါ အများသူငါ စိတ်ဝင်စားလာသည်မှာ အမှန်ဖြစ်သည်။ ဒီမိုကရေစီကို တန်ဖိုးထားသူများကြားတွင် အရောင်အသွေးတောက်ပသည့် ဒီမိုကရေစီကျောက်ကောင်းတစ်ပွင့်က ဂုဏ်ကြီးသူတို့အတွက် မက်လောက်စရာပင်။

ဒီမိုကရေစီကျောက်ကောင်းကို အရောင်တောက်အောင်၊ ဒီမိုကရေစီဥယျာဉ်ကို ပန်းပေါင်းစုံဖူးပွင့်ဝေဆာလာအောင် ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးရသည့် ဥယျာဉ်မှူး၏အလုပ်သည် အပြောလွယ်သလောက် အလုပ်ခက်လောက်အောင် ခက်ခဲပင်ပန်းစွာဖြင့် အချိန်ယူပျိုးထောင်ပေးခဲ့ရသည်။ ထိုသို့ပျိုးထောင်ရာ၌ အပြစ်တင်ဝေဖန်သူများရှိသလို ဖျက်လိုဖျက်ဆီးလုပ်ကြသူများလည်းရှိသည်။

မည်သို့ပင်ပြုလုပ်ကြသည်ဖြစ်စေ ဥယျာဉ်မှူးမှာ အများသူငါ စိတ်နှလုံးရွှင်လန်း နှစ်ခြိုက်လက်ခံနိုင်စေရေးအတွက် စိတ်ကောင်းစေတနာကောင်းများဖြင့် ပြုစုပျိုးထောင်ပေးခဲ့သည်မှာ အမှန်ဖြစ်သည်။ ကျောက်ကောင်းကိုဆင်၊ ပန်းကောင်းကိုပန်ချင်သူများအနေဖြင့် ဥယျာဉ်မှူး၏ ပျိုးထောင်ပေးမှုများအားမကူညီချင်လျှင်လည်း နားလည်အသိအမှတ်ပြုပေးလျှင်ပင် ကျေနပ်ဖွယ်ဖြစ်သည်။ ပန်းပေါင်းစုံဥယျာဉ်ကြီးတွင် အေးချမ်းစွာ ပျော်ရွှင်ချမ်းမြေ့နေလိုလျှင် ငြိမ်းချမ်းစွာဖြင့် စည်းကမ်းရှိရှိနားခိုသင့်သည်။

ဥယျာဉ်ကြီးအတွင်းမှ သစ်ပင်ပန်းမန်များ ထာဝရရှင်သန်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်။ ထိုဥယျာဉ်သည် မိမိတို့ပိုင်ဆိုင်သော ဥယျာဉ်ကြီးဖြစ်သည်။ ဥယျာဉ်ကြီး၏ အရိပ်အာဝါသအောက်တွင် ခိုလှုံရင်း တစ်ပါးသူမဖျက်ဆီးအောင် ဝိုင်းဝန်းစောင့်ရှောက်ကြရမည်။ ယခုပျိုးထောင်နေဆဲဖြစ်သည်။ အလုံးစုံပြီးပြည့်စုံသော အချိန်ကာလရောက်လျှင် ပြည်သူများ နားခိုကြရတော့မည်။

အာဆီယံအတွင်းမှ အခြားဥယျာဉ်များနှင့်မတူ ထူးထူးခြားခြား လျှင်လျှင်မြန်မြန် ဖူးပွင့်ဝေဆာလာသည်မှာ ဥယျာဉ်မှူး၏ ပျိုးထောင်မှုကောင်းခဲ့သောကြောင့်ဖြစ်သည်။ စေတနာမှန်သောကြောင့်ဖြစ်သည်။ ယနေ့ အာဆီယံအတွင်း ဒီမိုကရေစီဥယျာဉ်တစ်ခုချင်းအလိုက် ဖြစ်တည်နေပုံကို လေ့လာကြည့်လျှင် သိမြင်နိုင်သည်။ အာဆီယံအတွင်း ဒီမိုကရက်တစ်ဖွံ့ဖြိုးမှုတွင် မြန်မာ့ဒီမိုကရက်တစ်ဥယျာဉ်ကို လိုက်မီလိမ့်မည်မဟုတ်ချေ။ အချို့ ဒီမိုကရေစီပန်းများပျက်သုဉ်းနေပြီး အချို့ချွတ်ယွင်းအားနည်းချက်များ ရှိနေဆဲဖြစ်သည်။ အိမ်နီးချင်းဥယျာဉ်တစ်ခုတွင် မည်သို့ဖြစ်ပျက်နေသည်ကို သိမြင်နိုင်သည်။

ဥယျာဉ်ကောင်းတစ်ခု ဖြစ်ပေါ်လာစေရန်အတွက် ဥယျာဉ်မှူး၏ တာဝန်များမှာ များပြားလှသည်။ ဥယျာဉ်ကြီးရေရှည်တည်တံ့ပြီး မပျက်စီးရအောင် ရှေးရှုဆောင်ရွက်ရာ၌ အခက်အခဲများ၊ စိန်ခေါ်မှုများ များစွာကြုံတွေ့ရသည်။ ဥယျာဉ်ကြီးတွင် နားခိုချင်သူများလာသည်။ ဒီမိုကရက်တစ်ဥယျာဉ်ပီသအောင်၊ နားခိုသူများအတွက် ဆီလျော်ကိုက်ညီအောင် လုပ်ကိုင်ရသည်မှာ မလွယ်ကူလှသည်ကို နားလည်ကြရမည်။ ။

## ရေဝတီ၊ မကွေးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အမေရိကန်ဒေါ်လာလေးသိန်းကျော်တန်ဖိုးရှိ လမ်းနှင့် စာသင်ကျောင်းများ ဂျပန်နိုင်ငံအစိုးရထောက်ပံ့

**ရန်ကုန် နိုဝင်ဘာ ၂၆**

ဂျပန်နိုင်ငံအစိုးရသည် အသေးစားစီမံကိန်းများ ထောက်ပံ့ရေး အစီအစဉ်အရ မြန်မာနိုင်ငံတွင် စီမံကိန်းသုံးခုအတွက် အမေရိကန်ဒေါ်လာ ၄၄၅၅၂၆ ဒေါ်လာ ထောက်ပံ့ရေး သဘောတူစာချုပ်များကို နိုဝင်ဘာ ၂၄ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းသုံးခုမှာ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ရွာသာကုန်းကျေးရွာ လမ်းအဆင့်မြှင့်တင်ရေး စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၀၂၀၂၃ ဒေါ်လာ၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် စာသင်ကျောင်းနှစ်ဆောင်ဆောက်လုပ်ရေး စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၉၆၁၁၄ ဒေါ်လာနှင့် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကတုတ်အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဆောက်လုပ်ရေး စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၄၇၃၈၉ ဒေါ်လာတို့ဖြစ်သည်။

ဂျပန်အစိုးရသည် မြန်မာနိုင်ငံတွင် အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်ဖြင့် ၁၉၉၃ ခုနှစ်မှ စတင်ပြီး စီမံကိန်းပေါင်း ၇၃၄ ခုကို ထောက်ပံ့ပေးခဲ့ရာ ပညာရေး ထောက်ပံ့ရေးစီမံကိန်းပေါင်း ၃၃၃ ခု၊ ကျန်းမာရေး စောင့်ရှောက်မှု အဆင့်မြှင့်တင်ရေး စီမံကိန်းပေါင်း ၁၉၂ ခုနှင့် လူမှုဖူလုံရေးနှင့် ပတ်ဝန်းကျင် စီမံကိန်းပေါင်း ၁၃၈ ခု၊ အခြေခံအဆောက်အအုံစီမံကိန်းပေါင်း ၃၆ ခုနှင့် အခြားစီမံကိန်းပေါင်း ၃၅ ခုတို့ကို ဆောက်လုပ်ကူညီခဲ့ပြီးဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**(ကြေးမုံ)**

❑❑❑




## ရွှေစာရံစေတီဆွမ်းကြီးလောင်းပွဲတော် စည်ကားစွာ ကျင်းပ

**သထုံ နိုဝင်ဘာ ၂၆**

မွန်ပြည်နယ် သထုံမြို့၏ ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီးတွင် နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့တိုင်း ကျင်းပမြဲဖြစ်သော မြို့လုံးကျွတ် တန်ဆောင်တိုင် ဆွမ်းကြီးလောင်းပွဲတော်ကို ယနေ့ နံနက်ပိုင်းက စေတီတော် ရင်ပြင်တော်ပေါ်တွင် အစဉ်အလာမပျက် စည်ကားစွာ ကျင်းပသည်။



အဆိုပါ ဆွမ်းဆန်စိမ်းလောင်းပွဲတွင် သထုံမြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၃၂၆ ကျောင်းမှ သံဃာတော် ၁၆၀၆ ပါးနှင့် သီလရှင်ကျောင်း ၆၀ တို့မှ သီလရှင် ၂၂၂ ပါးတို့အား စုပေါင်း လှူဒါန်းခဲ့ကြသည်။

သထုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်၊ ကျေးရွာများအလိုက် စုပေါင်းအသင်းအဖွဲ့များက ဆွမ်းဆန်စိမ်းများ စုပေါင်းလောင်းလှူကာ ပဒေသာပင်များနှင့် လှူဖွယ်ပစ္စည်းများကို စာရေးတံမဲဖောက် လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## နေပြည်တော်ကောင်စီနယ်မြေ ဝက္ကမူကျေးရွာလျှပ်စစ်မီးလင်းပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၆**

နေပြည်တော်ကောင်စီနယ်မြေ ဝက္ကမူကျေးရွာ ကျေးရွာပြည်သူထည့်ဝင်ငွေနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေး လက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပံ့ပိုးငွေဖြင့် ကျေးရွာလျှပ်စစ်မီးလင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက် ၈နာရီက အဆိုပါ ကျေးရွာတွင် ကျင်းပရာ နေပြည်တော်ကောင်စီဝင် တာဝန်ခံ ဦးဖုန်းဇော်ဟန် တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်က လျှပ်စစ်မီးရရှိရေးဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး နေပြည်တော်ကောင်စီနယ်မြေကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်က ဝန်ကြီးဌာနအနေဖြင့် ပံ့ပိုးကူညီ ဆောင်ရွက်ချက်များကို လည်းကောင်း၊ နေပြည်တော် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ် ဦးအောင်ဇော်ဦးက လျှပ်စစ်မီးသုံးစွဲမှုနှင့် ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးရွာပြည်သူ ဦးကိုကိုက နိုင်ငံတော်အစိုးရနှင့် နေပြည်တော်ကောင်စီ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသူများအား ကျေးဇူးတင်စကားပြောကြားသည်။

၎င်းနောက် နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်၊ ဒုတိယဝန်ကြီး ဦးဇင်ယော်၊ ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်၊ ဒုတိယအင်ဂျင်နီယာချုပ် ဦးအောင်ဇော်ဦးနှင့် ကျေးရွာအုပ်စုဒေသဖွံ့ဖြိုးရေးအထောက်အကူပြုဥက္ကဋ္ဌ ဦးကျော်မွေးတို့က (၂၀၀ ကေဗွီအေ) လျှပ်စစ်ထရန်စဖော်မာအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလင်းက မီးခလုတ်နှိပ်၍ လျှပ်စစ်မီးစတင်ဖွင့်လှစ်ပေးသည်။

**ဟိန်းအောင်(နေပြည်တော်)**

## မြန်မာ့ရိုးရာမုန့်မျိုးစုံ စတုဒိသာနိဗ္ဗာန်ဈေးပွဲတော်ကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၂၆**

တန်ဆောင်မုန်း လပြည့်နေ့တွင် မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမမြို့ မြစေတီနန်းဦးစာသင်တိုက်တွင် နိဗ္ဗာန်ဈေးပွဲတော် ကျင်းပခဲ့သည်။

ယင်းဈေးပွဲတော်တွင် မြန်မာ့ရိုးရာမုန့်စစ်စစ်များ ပြန်လည်ပေါ်ထွက်လာစေရန်နှင့် ပြည်ပမှတင်သွင်းလာသော ကလေးအာဟာရမုန့်များ၏ နေရာတွင် မြန်မာ့ရိုးရာမုန့်များ တွင်တွင်ကျယ်ကျယ် စားသုံးလာစေရန် ရည်ရွယ်၍ မြန်မာရိုးရာမုန့် အမျိုးပေါင်း ၅၀ ကျော်ဖြင့် တန်ဆောင်တိုင် မြန်မာ့ရိုးရာမုန့်မျိုးစုံ နိဗ္ဗာန်ဈေးပွဲတော်ကို ကျင်းပဖြစ်သည်။ မြန်မာ့ရိုးရာမုန့် နိဗ္ဗာန်ဈေးပွဲတော်ကို အနယ်နယ်အရပ်ရပ်မှ ပြည်သူများလာရောက်ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မြန်မာနိုင်ငံသတင်းစာဆရာအသင်း သက်ကြီးသတင်းစာပညာရှင်များကန်တော့ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဒုတိယအကြိမ် သက်ကြီးသတင်းစာပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၅ရက် (စနေနေ့)နံနက် ၉နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက် (၇၅)နှစ်နှင့် အထက် ကန်တော့ခံ သက်ကြီးသတင်းစာပညာရှင်များထံ ဖိတ်စာများကြိုတင်ပေးပို့မည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉ ၂၅၄၀၅၂၁၂၈ နှင့် ၀၉ ၄၂၀၀၉၄၆၅၉တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**အောင်သူရ**

■

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝင်းရိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

## ပြည်တွင်းရေးရာ

❍ **ရွှေဖုံးမှ**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

ရွှေဦးစွာ ဌာပနာတော်သွင်းအခမ်းအနားကို ကျင်းပရာ မင်္ဂလာအချိန်ကျရောက်သည်နှင့် နိုင်ငံတော်သမ္မတက မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး၏ ဌာပနာတော်တိုက်အတွင်းသို့ ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဧည့်ပရိသတ်များ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး ဌာပနာတော်တိုက်အား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်စဉ်။ (သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး ပုံတော်နှင့် လှူဖွယ်ပစ္စည်းများကို ဗန်းမော်ကျောင်းတိုက်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)**

စသည့် စေတီလေးမျိုးပါဝင်သည့် ဌာပနာတော်များကို သွင်းလှူပြီး ကျောက်မျက်ရတနာများ ထည့်သွင်းခင်းကျင်းကာ ပရိတ်အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်သည်။

ယင်းနောက် ဗန်းမော်ဆရာတော်ကြီးအမှူးပြုသော ဆရာတော်အရှင်သူမြတ်များက ဇယန္တော ဗောဓိယာမူလေ အစချီသော ဇယမင်္ဂလာ အောင်ဂါထာကို ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီးအား ရွှေကြာသက်န်းတော်၊ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေချမ်းတို့ကို ကပ်လှူပူဇော်ကြသည်။

ထို့နောက် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ဗန်းမော်ကျောင်းတိုက်ဆရာတော် အမှူးပြုသော ဆရာတော်အရှင်သူမြတ်များက ဥဒါန်းပါဠိတော်လာနည်းအတိုင်း မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီးကို ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီးတည် မဟာမင်္ဂလာကမ္ပည်းမော်ကွန်း ကျောက်စာတော်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးတို့က ကမ္ပည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ရုပ်ရှင်တော်မြတ်ကြီး၏ ရေစက်ချအောင်ပွဲမင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် ဧည့်ပရိသတ်များက ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တသုတ်တော်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီးပုံတော်နှင့် လှူဖွယ်ပစ္စည်းများကို ဗန်းမော်ကျောင်းတိုက်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတများနှင့်ဇနီးများ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီးအား တည်ဆောက်ခဲ့ကြသည့်



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီးတည် မဟာမင်္ဂလာကမ္ပည်းမော်ကွန်းကျောက်စာတော်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)**

ဗိသုကာ အင်ဂျင်နီယာများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ပြီး ACE ကုမ္ပဏီမှ ဦးဇော်မိုးဝင်းက တည်ဆောက်ပြီးစီးအောင်မြင်ခဲ့သော ရုပ်ရှင်တော်မြတ်ကြီးအား မူလဘုရားဒါယကာ ဒါယိကာမများထံ ပြန်လည်အပ်နှံသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့နှင့်အတူ ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ အတုလကာရီဆင်မင်း ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသာဘိဝံသထံမှ အနုမောဒနာတရား နာကြား၍ ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

# မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော်အခမ်းအနား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အိန္ဒိယနိုင်ငံ ဗီဟာပြည်နယ် ဂယာမြို့ ဗုဒ္ဓဂယာမြန်မာကျောင်း၌ ကျင်းပ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ဗုဒ္ဓဂယာမြန်မာကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒထံ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၂၆**

အိန္ဒိယနိုင်ငံ ဗီဟာပြည်နယ် ဂယာမြို့ ဗုဒ္ဓဂယာမြန်မာကျောင်း၌ နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကိုယ်စား သာသနာရေးဝန်ကြီးဌာနမှ ဦးစီးကျင်းပသော အဌမအကြိမ်မဟာကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားအား ကျင်းပသည်။

အခမ်းအနားသို့ ဗုဒ္ဓဂယာမြန်မာကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏိန္ဒ အမှူးပြုသော မဇ္ဈိမဒေသတွင်းရှိ မြန်မာဘုန်းတော်ကြီးကျောင်းများမှ ကျောင်းထိုင်ဆရာတော်ကြီး အပါး ၃၀၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ခင်စိုး၊ မြန်မာစစ်သံမှူးကြီး၊ ကောင်စစ်ဝန်ချုပ်၊ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့နှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗုဒ္ဓဂယာမြန်မာကျောင်းတိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသောအလှူရှင်များက ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၀၈ ခုနှစ်မှစ၍ မဇ္ဈိမဒေသတွင် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား နှစ်စဉ်ကျင်းပရသည့်အကြောင်းနှင့် သာသနာရေးဆိုင်ရာကိစ္စရပ်များလျှောက်ထားပြီး ဗုဒ္ဓဂယာမြန်မာကျောင်းတိုက် တိုက်အုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တတေဇိန္ဒထံမှ ကထိန်အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားအား ရုပ်သိမ်းသည်။

နိုဝင်ဘာ ၂၀ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် ဗုဒ္ဓဂယာမြန်မာကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၊ ရာမညဘူမိဗုဒ္ဓဝိဟာရ(မွန်)ကျောင်းဆရာတော် ဘဒ္ဒန္တနာရဒသီရိ၊ မဟာအောင်မြေ(ရခိုင်)ကျောင်း ဆရာတော် ဘဒ္ဒန္တသုပိယနှင့် ကမ္ဘောဇ(ရှမ်း)ကျောင်းဆရာတော် ဘဒ္ဒန္တကေလာနန္ဒတို့အား သွားရောက်ဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားသည်။ ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီသို့ သွားရောက်၍ စေတီတော်အတွင်းရှိ ပါလခေတ် ဗုဒ္ဓရုပ်ပွားတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကိုယ်စား ရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၂၁ ရက်တွင် ဗာရာဏသီမြို့ရှိ ဆေးဝက်ဘာကျောင်း ဆရာတော် ဒေါက်တာဘဒ္ဒန္တမင်္ဂလနှင့် ဆန်းစ်ခရစ်တက္ကသိုလ်၊ B.H.U တက္ကသိုလ်တို့တွင် ပညာသင်ယူနေကြသော မြန်မာရဟန်းတော်များအားလည်းကောင်း၊ နိုဝင်ဘာ ၂၂ ရက်တွင် ဗုဒ္ဓဂယာရှိ မြန်မာဗုဒ္ဓဘာသာ ပညာရေးဗိမာန်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမုဒနှင့် မာဂဓတက္ကသိုလ်တွင် ပညာသင်ယူနေကြသော မြန်မာရဟန်းတော်များအားလည်းကောင်း၊ နိုဝင်ဘာ ၂၄ ရက်တွင် ရာဇဂြိုဟ်မြို့ရှိ နာလန္ဒာ တရုတ်မြန်မာကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တပညာလင်္ကာရနှင့် နာလန္ဒာတက္ကသိုလ်တွင် ပညာသင်ယူနေသော မြန်မာရဟန်းတော်များအားလည်းကောင်း အသီးသီးဖူးမြော်၍ ပညာသင်နဝကမ္မအလှူငွေများ လှူဒါန်းကာ သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားသည်။

**(သတင်းစဉ်)**

# မဟာသကျရံသီရုပ်တော်မူရုပ်ရှင်တော်မြတ်ကြီးမှ ပီတိသံများ

**မောင်ဖိုးဇော်နှင့် ရှင်မင်း စုစည်းသည်**

**စည်တီးသည့်အသံကို သုံးဂါဝုတ်အကွာအဝေးမှ ကြားနိုင်ပြီး မိုးခြိမ်းသံကို သုံးယူဇနာ အကွာအဝေးက ကြားနိုင်သည်။ ထို့အတူ သီလစောင့်ထိန်းသည့်အသံကို ဖြပ္ပဘုံ နှစ်ဆယ်ထိတိုင် ကြားသိနိုင်သကဲ့သို့ အလှူဒါနပြုလုပ်သည့်အသံကို နတ်ပြည်ကပင် တစ်မဟုတ်ချင်း ကြားသိနိုင်ကြောင်း လေ့လာမှတ်သားရသည်။**



ဦးခင်မောင်သိန်း။



ဦးခင်ဇော်။



ဒေါ်ဇာဇာသဲဦး။



ဒေါ်ချိုချို။



ဒေါ်သိန်းသိန်း။



ဦးစိုးသန်း။

မဟာသကျရံသီရုပ်တော်မူ ရုပ်ရှင်တော်မြတ်ကြီး ဌာပနာတော်သွင်း၊ မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို နိုင်ငံတော်သမ္မတဦးသိန်းစိန် အမှူးပြု၍ ယနေ့တန်ဆောင်းမုန်းလပြည့်နေ့ အခါသမယတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ဖိုးစောင်းတောင်ရှိ အောင်မောဠိတောင်ညွန့်၌ ကျင်းပသည်။ ထိုကောင်းမှုကုသိုလ် အလှူဒါနတို့၏ အသံသည်ကားလူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မပြည်သာမက စကြာဝဠာတိုက် အသီးသီးသို့ပင် ကြားသိနိုင်ပြီဖြစ်သည်။

ထိုကောင်းမှုကုသိုလ်ပြုလုပ်သည့် အသံများကြောင့် မဟာသကျရံသီရုပ်တော်မူ ရုပ်ရှင်တော်မြတ်ကြီးသို့ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိရာ ဘုရားဖူးလာပြည်သူများ၏ ဖူးမြော်ကြည်ညိုရသည့် ဝမ်းသာပီတိသံများနှင့် ပါဝင်ကုသိုလ်ပြုသူတို့၏ ပီတိသံများကို ပြန်လည်ရေးသား ဖော်ပြလိုက်ရပါသည်။

**ဦးခင်မောင်သိန်း(အုပ်ချုပ်ရေးမှူး MORC CNC)**

CNC ဆိုတာ ကျောက်ဆစ်သားတွေကို ကွန်ပြူတာနဲ့ ထုလုပ်ရတဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ သကျရံသီရုပ်ပွားတော်မြတ်ကြီးကို ပုဂံအာနန္ဒာဘုရားရဲ့ တောင်ဘက်မုခ်မှာရှိတဲ့ ကဿပဘုရားရှင် ရုပ်ပွားတော်အတိုင်း ပုံစံတူ ထုဆစ်ထားတာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှေးမူလက်ရာအတိုင်း အနီးကြည့်ရင် တည်ကြည်ဟန်၊ အလယ်ကကြည့်ရင် ပြုံးတော်မူဟန်၊ အဝေးကကြည့်ရင် ကြည်လင်ဝင်းပ ပြုံးနေဟန်တွေနဲ့ ထုဆစ်ထားတာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ကွန်ပြူတာနဲ့ ထုဆစ်ထားတဲ့ ရုပ်ပွားတော်ကြီးတွေမှာ သကျရံသီရုပ်ပွားတော်ကြီးဟာ ဒုတိယဖြစ်ပါတယ်။ ပထမကတော့ နေပြည်တော် ဗုဒ္ဓဂယာမှာ အိန္ဒိယက ရှေးမူလက်ရာအတိုင်း ထုဆစ်ထားတဲ့ ရုပ်ပွားတော် တစ်ဆူရှိပါတယ်။ ဓမ္မကိစ္စရပ်တွေမှာ ရွှေသုဝဏ်ဆရာတော်ကြီးရဲ့ ဩဝါဒအတိုင်း ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ရုပ်ပွားတော် ထုဆစ်ချိန်လေးလ နီးပါးကြာမြင့်ခဲ့ပါတယ်။ အခုပြီးစီးသွားတော့ ပြည်သူတွေအတွက် အမျိုးဘာသာ၊ သာသနာအတွက် အလွန်ဂုဏ်ယူစရာကောင်းပါတယ်။ ပြည်သူတွေအနေနဲ့ နေပြည်တော်ရောက်ခဲ့ရင် တစ်ခါတစ်ခေါက်တော့ လာရောက်ဖူးမြော်ကြည်ညိုစေချင်ပါတယ်။

**ဦးခင်ဇော်**
**(ပန်းတော်မူ ကျောက်ဆစ်၊ မန္တလေးမြို့)**

ကျွန်တော်က စကျင်ကျောက်တုံးကနေ ရုပ်ပွားတော်ထုဆစ်ဖို့ ရေချိန်ကိုက် အချိုးအလိုက် အကြမ်းထည်ရဖို့အတွက် ထုဆစ်ပေးရပါတယ်။ မျက်နှာတော်ပိုင်းကိုတော့ ပုဂံကအာနန္ဒာဘုရားက ရုပ်ပွားတော်အတိုင်း CNC နဲ့ လုပ်ပါတယ်။ အကြမ်းထည်ကတော့ နေ့ရော၊ ညပါ သုံးလလောက် လုပ်လိုက်ရတယ်။ စကျင်ကျောက်တုံးကြီး နေပြည်တော်ရောက်ပြီးတော့ CNC နဲ့ လုပ်ပြီးတဲ့ အခါ ကျွန်တော်တို့ ပြန်အချောကိုင်တာ နှစ်လနီးပါးကြာပါတယ်။ ရုပ်ပွားတော်ကြီးကို ပုဂံအာနန္ဒာဘုရားက ကဿပဘုရားရှင်ရဲ့ ပုံတူအတိုင်း၊ ဉာဏ်တော်အတိုင်း ထုဆစ်ခဲ့ကြတာဖြစ်ပါတယ်။ ဘုရားဖူးပြည်သူတွေ လာရောက်ဖူးမြော်ကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဒေါ်ဇာဇာသဲဦး**
**(Zar and Diamonds, Gems and Jewellery)**
**ဥဏ္ဏာလုံမွေးရှင်တော် အလှူရှင်)**

ရွှေသုဝဏ်ဆရာတော်ကြီးကနေ ဥဏ္ဏာလုံမွေးရှင်တော်ကို လာရောက်ပြုလုပ်ခိုင်းပါတယ်။ အဲလိုလာရောက် ပြုလုပ်ခိုင်းတဲ့အချိန်မှာ ကျွန်မရင်ထဲမှာ သဒ္ဓါတရားတွေ ဖြစ်ပေါ်လာတဲ့အတွက် ဒီမွေးရှင်တော်ကို ကျွန်မတို့မိသားစု လှူဒါန်းဖြစ်သွားခဲ့ရတာပါ။ အလှူရှင်တစ်ဦးအနေနဲ့ အခုလို အောင်အောင်မြင်မြင်နဲ့ လှူဒါန်းနိုင်ခဲ့လို့ အတိုင်းအဆမရှိ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်မတို့ရဲ့ အတော်ဆုံးပန်းတိမ်ဆရာတွေက ဒီရုပ်ပွားတော်ကြီးမှာ ကပ်လှူပူဇော်ဖို့ သေသေချာချာ တိုင်းတာပြီးမှ ပြုလုပ်ခဲ့ကြတာပါ။ အဲလိုပြုလုပ်နေစဉ်အတွင်းမှာလည်းပဲ ဝမ်းသာပီတိဖြစ်ခဲ့ရပါတယ်။ ကိုယ်လှူခဲ့တဲ့ အလှူဒါနကို အခုလို မျက်မြင်ဖူးတွေ့လိုက်ရတော့ အနှိုင်းအဆမရှိ ကျေနပ်ပီတိ ဖြစ်ရပါတယ်။

**ဒေါ်ချိုချို(ရန်ကုန်မြို့၊**
**ဘုရားဖူးလာပြည်သူတစ်ဦး)**

ဘုရားကို ဖူးလိုက်ရတော့ ရင်ထဲမှာ အေးချမ်းသွားပါတယ်။ တောင်ပေါ်မှာ တည်ထားတဲ့အတွက် နေပြည်တော် ပတ်ဝန်းကျင်က ရှုခင်းတွေကိုလည်း မြင်တွေ့ရပါတယ်။ ကျွန်မကတော့ အခုလိုဖူးခွင့်ရပြီးပြီဆိုတော့ ကျန်တဲ့သူတွေကိုလည်း လာရောက်ဖူးမြော်စေချင်ပါတယ်။

**ဒေါ်သိန်းသိန်း**
**(ရွှေကျင်မြို့၊**
**ဘုရားဖူးလာပြည်သူတစ်ဦး)**

မြန်မာ့အလင်းသတင်းစာထဲမှာ ဒီသကျရံသီ ရုပ်ပွားတော်ကြီး အကြောင်းကို ဖတ်ရတယ်။ ဒါကြောင့် ဒီရုပ်ပွားတော်မြတ်ကြီးကို အခုလို လာရောက်ဖူးမြော်ရခြင်း ဖြစ်ပါတယ်။ ဒီဘုရားကို လာရောက်ဖူးမြော်ရတော့ ကျွန်မဖူးမြော်ရတာ ဝမ်းသာပီတိဖြစ်ရတယ်။ ဒီဘုရားတောင်ပေါ်ကနေ သဘာဝရှုခင်းတွေကို မြင်တွေ့ရတဲ့အတွက် ကြည်နူးမိပါတယ်။

**ဦးစိုးသန်း**
**(သစ်ဝင်တိုင်းကျေးရွာ၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်**
**ဘုရားဖူးလာပြည်သူတစ်ဦး)**

ကျွန်တော် ဒီဘုရားကို ဖူးမြော်ချင်လွန်းလို့ ကျွန်တော့်သားသမီးတွေနဲ့ ကျွန်တော့်ရွာကနေ ခြေလျင်လျှောက်ပြီး လာရောက်ဖူးမြော်တာပါ။ ဒီဘုရားကြီးဟာ တန်ခိုးကြီးတယ်၊ သပ္ပာယ်တယ်လို့ ကျွန်တော်တို့ရွာထဲမှာ ပြောနေကြတယ်။ အဲဒီလိုပြောသံတွေကြောင့် ဒီကိုလာပြီး ဖူးမြော်ဖြစ်တာပါ။ ဘုရားကို ဖူးမြော်လိုက်ရခြင်းမှာပဲ ကျွန်တော်ရဲ့ ခြေလျင်လျှောက်ခဲ့ရတဲ့ အမောတွေ ပြေပျောက်သွားခဲ့ရတယ်။

# နှစ်ဖက်မြင် နှစ်ဖက်နားဖြင့် ချင့်ချိန်ရေးသားကြစေချင်

**စာပေသစ္စာ**

မျက်မှောက်ခေတ်သည် သတင်းနည်းပညာခေတ်၊ သတင်းမီဒီယာခေတ်ဖြစ်သည့်အပြင် စာရေးသူကိုယ်တိုင်ကလည်း စာပေကို မြတ်နိုးတန်ဖိုးထားသဖြင့် နေ့စဉ်ထုတ်နိုင်ငံပိုင်သတင်းစာ၊ ပုဂ္ဂလိကသတင်းစာများနှင့် အပတ်စဉ်၊ လစဉ်ထုတ်ဂျာနယ်၊ မဂ္ဂဇင်းတို့ကို တတ်စွမ်းသမျှ ဝယ်ယူဖတ်ရှု လေ့လာမှတ်သားလျက်ရှိသည်။

ထို့ပြင် စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်သို့ မကြာခဏသွားပြီး စာပေများ ဖတ်ရှုလေ့လာဖြစ်သည်။ စာပေဗိမာန်ရောက်တိုင်း စာပေဗိမာန်အရောင်းဆိုင်သို့ဝင်၍ စာအုပ်များကို မြည်းစမ်းပြီး ကောင်းနိုးရာရာများကိုလည်း ဝယ်ယူဖတ်ရှုဖြစ်သည်။ ဤသို့သောအကြောင်းတရားများကြောင့် စာပေဗိမာန်နှင့် စာရေးသူမစိမ်းပါ။

ထို့ကြောင့်ပင် ဇူလိုင် ၂၆ ရက်နှင့် စက်တင်ဘာလ ၂၇ ရက်တွင် စာပေဗိမာန်၌ ကျင်းပသော “စာပေဗိမာန် စာပေစကားဝိုင်း” သို့လည်းကောင်း၊ စက်တင်ဘာ ၁၉ ရက်တွင် ပြည်လမ်းရှိ မြန်မာ့အသံစတူဒီယိုခန်းမ(A)၌ စာပေဗိမာန်က ဦးစီးကျင်းပသော “ကလေးစာပေ နှီးနှောဖလှယ်ပွဲ နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် စာပေဗိမာန်စာပေဟောပြောပွဲ (ကလေးစာပေ)” အခမ်းအနားသို့လည်းကောင်း တက်ရောက်နားထောင်လေ့လာဖြစ်ခဲ့သည်။ စာပေဗိမာန်စာတည်းမှူးချုပ်၏ ဦးဆောင်မှု၊ စာပေဗိမာန်ဝန်ထမ်းအားလုံး၏ စည်းလုံးညီညွတ်စွာ တာဝန်ကျေပွန်မှု၊ စာပေပညာရှင်များက စာပေစိတ်ဓာတ်အပြည့်ဖြင့် ပူးပေါင်းကူညီမှုတို့ကြောင့် ယင်းအခမ်းအနားအားလုံး စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်ကို တွေ့ရသည်။

နိုဝင်ဘာ ၂၀ ရက် စနေနေ့ထုတ် စံတော်ချိန်သတင်းစာတွင် “ဆောင်းပါးရှင် ယောနကဘိုးထောင်”၏ “စာပေဗိမာန်အမှတ်တံဆိပ်” ဆောင်းပါးကို ဖတ်ရှုလေ့လာရသည်။ စာပေဗိမာန်အမှတ်တံဆိပ် (Logo) နှင့် ပတ်သက်၍ အမျိုးသားစာပေဆုရ စာရေးဆရာကြီးတစ်ဦးက ထုတ်ဖော်ရေးသားထား၍ ခိုင်မာတိကျစွာ အားကိုးရလောက်သည်ဟု ဆိုနိုင်သည်။

စာပေဗိမာန်၏ အစဉ်အလာများကို ဖော်ထုတ်ရေးသားထားသည်မှာ မသိသေးသူများအတွက် ဗဟုသုတဖြစ်ဖွယ်ရာပင်။ စာပေဗိမာန်ရွှေခေတ်မှ တဖြည်းဖြည်းကျဆင်းလာခဲ့သည်ကို ထောက်ပြထားသည်ကိုလည်း တွေ့ရသည်။ သို့သော် “ဝါသနာ၊ စေတနာ၊ အနစ်နာမပါသော မိုးကျရွှေကိုယ်များကြောင့် ဟိုတစ်ချိန်က ထင်ပေါ်ကျော်ကြားခဲ့သော စာပေဗိမာန်ကြီးမှာ အောက်ခြေမှ ခေါင်မိုးထိ ပျက်စီးသွားခဲ့ရသည်”ဟု ကောက်ချက်ချခြင်းမှာ တစ်ဖက်စောင်းနင်းဆန်လွန်းသည်။ ပြောင်းလဲလာသောခေတ်ကို မျက်ကွယ်ပြုပြီး ခါတော်မီစကားလုံးသုံး၍ ဝါးလုံးရှည်နှင့် သိမ်းရိုက်ထားသည်ကို တွေ့ရသည်။

စာပေဗိမာန်ရွှေခေတ်တွင် ပညာရှင်ကြီးများက အရည်အချင်းပြည့်ဝပြီး စာကောင်းပေမွန်များ ဖန်တီးထုတ်လုပ်နိုင်သကဲ့သို့ စာဖတ်ပရိသတ်ကလည်း စာပေကို မြတ်နိုးတန်ဖိုးထားသောစိတ်ဖြင့် ခုံမင်နှစ်ခြိုက်စွာ ဖတ်ရှုအားပေးခဲ့ကြသည်။ ထို့ပြင်မီဒီယာလောကမဖွံ့ဖြိုးသေးသောခေတ်ဖြစ်၍ “စာအုပ်စာပေ လှူမိတ်ဆွေ” စကားနှင့်အညီ စာဖတ်အားကောင်းခဲ့ကြသည်။ Demand နှင့် Supply ဟန်ချက်ညီခဲ့သဖြင့် ရွှေခေတ်ရောက်ခဲ့သည်။

ယနေ့ခေတ်တွင်မူ မီဒီယာမျိုးစုံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စာဖတ်အားကျဆင်းသွားသည်ကို မည်သူမျှ မငြင်းနိုင်ပေ။ စာမတတ်သူပပျောက်ရေးထက် စာမဖတ်သူ ပပျောက်ရေး ဦးစွာလုပ်ရန်လိုနေသည်ကို စာဖတ်သူတို့ ရုပ်သံလိုင်းတွင် ဆွေးနွေးမှုများ၊ စာပေဟောပြောပွဲစစ်စစ်တို့တွင် ဟောပြောမှုများ၊ ကာတွန်းအချို့တွင် သရော်မှုများကို နားထောင်ကြည့်ရှုလျှင် သိနိုင်သည်။

မီဒီယာမျိုးစုံ၊ ဖျော်ဖြေမှုမျိုးစုံပေါ်ထွန်းလာသောကာလ၊ နိုင်ငံခြားယဉ်ကျေးမှု ထိုးဖောက်ခြင်းခံနေရသောကာလ၊ လူမှုကွန်ရက်စာမျက်နှာများကို တွင်ကျယ်စွာသုံးစွဲနေသောကာလတွင် “ရွှေခေတ်မရောက်ပြီကောရယ်” လို့ အပြစ်ပြောနေခြင်းမှာ ယထာဘူတကျ၊ မကျ ဝေဖန်ဆန်းစစ်သင့်သည်။

ဆောင်းပါးရှင်က “ရသ၊ သုတ ခပ်ညံ့ညံ့စာအုပ်စာပေများသာ ထုတ်ဝေနိုင်ခဲ့သည်”ဟု ရေးထားသဖြင့် စာပေဗိမာန်က ထုတ်ဝေနေသော ရွှေသွေးဂျာနယ်(အပတ်စဉ်စနေနေ့တိုင်း)၊ သုတပဒေသာ(လစဉ်)၊ စွယ်စုံနှစ်ချုပ်(နှစ်စဉ်)တို့တွင် ပါဝင်ရေးသားနေကြသူများလည်း အဆင့်မမီဟု ဆိုလိုရာရောက်နေသည်ကို သတိပြုသင့်သည်။

ထို့ပြင် စာပေဗိမာန်စာမူဆု ပြိုင်ပွဲမှ ပထမ၊ ဒုတိယ၊ တတိယဆုရစာမူများနှင့် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုပြိုင်ပွဲမှ ပထမ၊ ဒုတိယ၊ တတိယဆုရစာမူများကို ပြည်သူ့လက်စွဲ စာစဉ်အဖြစ် ထုတ်လုပ်ဖြန့်ချိလျက်ရှိရာ ရွေးချယ်ရေးအဖွဲ့ဝင်ပညာရှင်ကြီးများကိုပါ စော်ကားရာ ရောက်နေသည်ကို သတိမူသင့်သည်။

> **“မီဒီယာမျိုးစုံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စာဖတ်အားကျဆင်းသွားသည်ကို မည်သူမျှမငြင်းနိုင်ပေ။ စာမတတ်သူ ပပျောက်ရေးထက် စာမဖတ်သူ ပပျောက်ရေး ဦးစွာလုပ်ရန်လိုနေသည်ကို စာဖတ်သူတို့ ရုပ်သံလိုင်းတွင် ဆွေးနွေးမှုများ၊ စာပေဟောပြောပွဲစစ်စစ်တို့တွင် ဟောပြောမှုများ၊ ကာတွန်းအချို့တွင် သရော်မှုများကို နားထောင်ကြည့်ရှုလျှင် သိနိုင်”**

ဆောင်းပါးရှင်က “အမှတ်နှင့်တံဆိပ်တို့ ပေါင်းစပ်ထားသော စကားလုံးဆိုရိုးဖြစ်သည်”ဟု ရေးထားသည်။ စကားလုံးဆိုသည်မှာ “အနက်အဓိပ္ပာယ်ရှိသော တစ်ခုသော စကားခွန်း၊ အခေါ် ဝေါဟာရ၊ ပုဒ်”ဟု အဓိပ္ပာယ်ရပြီး ဆိုရိုးဆိုသည်မှာ “အစဉ်အလာပြောနေကျစကား၊ ဆိုထုံး” ဟု အဓိပ္ပာယ်ရသည်။ တစ်ဖန် “ခေတ်အဆက်ဆက် အသုံးတွင်ကျယ်ခဲ့ပြီး အမှန်တရားများသဖွယ် ကိုးကားပြောဆိုလေ့ရှိသည်တို့ကို စကားပုံ သို့မဟုတ် ဆိုရိုးဟုခေါ်ကြသည်။ မြန်မာဘာသာစကားတွင် အဆိုပါ စကားရပ် နှစ်မျိုးအနက် မိမိဆိုလိုရင်းကို အနှိုင်းခံတစ်ရပ်နှင့် ပုံခိုင်းပြောဆိုကြသည့် စကားရပ်မျိုးကို စကားပုံဟု အမှတ်သညာထားကြ၍ ပုံခိုင်းမှုမပါလျှင်သော်လည်းကောင်း၊ ပုံခိုင်းမှုသက်သက်ကမက ဆိုလိုရင်းကိုပါ ဖော်ပြလျှင်သော်လည်းကောင်း ထိုစကားရပ်မျိုးကို ဆိုရိုးစကားဟူ၍ ခေါ်ကြသည်။” ဟူသောစကားပုံနှင့် ဆိုရိုးစကားအဓိပ္ပာယ်ကို သေချာမလေ့လာဘဲ “အမှတ်နှင့် တံဆိပ်တို့ ပေါင်းစပ်ထားသော စကားလုံးဆိုရိုးဖြစ်သည်”ဟူသော ဆောင်းပါးရှင်၏ ရေးသားချက်မှာ မသိသူကို နားမလည်သူကရှင်းပြသည်နှင့် တူနေပေသည်။ ထို့ပြင် အမှတ်နှင့် တံဆိပ်၏ စိတ်ဖြာအနက် ဖော်ပြပြီး အမှတ်တံဆိပ်၏ စကားပေါင်းအနက်ကို ဖွင့်ဆိုရှင်းလင်းထားခြင်း မရှိသည်ကို တွေ့ရသည်။

ဆောင်းပါးရှင်က “စာပေဗိမာန် အမှတ်တံဆိပ်”ဟု ခေါင်းစဉ်တပ်ရေးသော်လည်း ယင်းခေါင်းစဉ်နှင့် ဆိုင်သော အကြောင်းအရာသာမက ခေါင်းစဉ်နှင့် မဆီလျော်သော အကြောင်းများစွာ ရေးသားထားသည်ကို ဖတ်ရှုရသည်။ ထိုအကြောင်းများတွင် ပစ္စုပ္ပန်အခြေအနေကို သိရန်အားမထုတ်ဘဲ ရေးထားသည်ကို တွေ့ရသည်။

စာပေဗိမာန်မျက်နှာစာတွင် ထီဆိုင်၊ ထမင်းဆိုင် စသည်တို့ မရှိတော့ပါ။ စာပေဗိမာန်ပုံရိပ်ကို မြှင့်တင်ပေးနေသော ကဗျာဆရာမြင်းမူမောင်နိုင်မိုး၏ “စာပေဗိမာန်ပြည်သူ့ထံ” ကဗျာ၊ ဆရာ မောင်မင်္ဂလာ၏ “စာပေဗိမာန်၊ စာပေ့ဝန်၊ ကျေပွန်စွာထမ်း မမောတမ်း” ကဗျာ၊ စာပေသစ္စာဖြင့် ပြည်သူကို အလုပ်အကျွေးပြုသည့် စာရေးဆရာပီသသူများဖြစ်စေရန် လမ်းညွှန်ပေးသော ဆရာမြင်းမူမောင်နိုင်မိုး၏ “ပြည်သူချစ်တဲ့ စာရေးဆရာ” ကဗျာ၊ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်သို့ အဖွဲ့ဝင်နိုင်ကြောင်း၊ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်က ပြည်သူဗဟိုပြုစနစ်နှင့်အညီ ပြည်သူကို ဝိုင်ဖိုင်အခမဲ့အသုံးပြုနိုင်အောင် ဝန်ဆောင်မှုပေးနေကြောင်း ကြေညာချက် စသည်တို့ကို ကြော်ငြာဘုတ်ဖြင့် သပ်ရပ်စွာ ဆောင်ရွက်ထားပြီး ပန်းအိုးများဖြင့် ပသာဒလှစွာ စီမံဆောင်ရွက်ထားသည်ကို သတင်းအမှောင်ချထားသည်။

စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်သို့ စာရေးသူသွားရင်းဖြင့် “ဝန်ထမ်းများ အရည်အသွေးမြင့်မားစေရေး မွမ်းမံသင်တန်းများပေးရန်လျာထားပြီး လက်ရှိတွင် ကွန်ပျူတာမွမ်းမံသင်တန်းပေးနေခြင်း၊ ဝန်ထမ်းများအတွက်လက်တွေ့အသုံးဝင်သည့် ဆွေးနွေးပွဲများ တစ်လနှစ်ကြိမ်ပြုလုပ်ပြီး ဦးဆောင်ဆွေးနွေးသူ၊ ဖြည့်စွက်ဆွေးနွေးသူတို့ဖြင့် တက်ကြွစွာ ဆောင်ရွက်နေခြင်း၊ ရုံးတက်၊ ရုံးဆင်း မှန်ကန်စေရန် Finger Print ဖြင့် စနစ်တကျစီမံထားခြင်း စသည်တို့ကို လေ့လာသိရှိခဲ့ရသည်။

ထို့ပြင် ရွှေသွေးဂျာနယ် အဆင့်မြှင့်တင်နိုင်ရေးအတွက် ၂၇-၈-၂၀၁၅ ရက်တွင် ရွှေသွေးဂျာနယ်၌ ပါဝင်ရေးဆွဲခဲ့ကြသော ပညာရှင်ကြီးများ၊ ရေးဆွဲလျက်ရှိသော ပညာရှင်ကြီးများကို တလေးတစားဖိတ်ကြား အကြံဉာဏ်တောင်းပြီး ဆောင်ရွက်နိုင်သည်များကို တစ်ဆင့်ချင်း ဆောင်ရွက်နေကြောင်း၊ ထိုအစည်းအဝေးပွဲတွင် စာတည်းမှူးချုပ်ငယ်စဉ်ဖတ်ရှုခဲ့ရသော ရွှေသွေးဇာတ်လမ်းများကို ကဗျာသီဖွဲ့ထားသည်များကို တက်ရောက်လာသော ပညာရှင်များအားဝေငှပြီး ယခင်ကဲ့သို့ ရွှေသွေး၏ စာပေသြဇာကြီးမားအောင် ကြိုးစားဆောင်ရွက်သွားမည်ဟု တင်ပြဆွေးနွေးခဲ့ကြောင်း၊ ပညာရှင်များ အကြံပြုကြသော ဆရာကြီးဦးဘကြည်၏လက်ရာ ရွှေသွေး Logo ကို ၇-၁၁-၂၀၁၅ ရက်ထုတ် ရွှေသွေးဂျာနယ်မှ စတင်အသုံးနေပြီဖြစ်ကြောင်းလည်း သိခဲ့ရပါသည်။

ထို့ပြင် ၂၀၁၅ ခုနှစ်အတွင်း စာပေဗိမာန်၏ လှုပ်ရှားမှုများကို ဆရာမင်းခန့်ရွှေက “စာပေဗိမာန်၏ အစဉ်အလာနှင့် ဆောင်ရွက်ချက်များ” ခေါင်းစဉ်ဖြင့် ဆောင်းပါးရေးသားခဲ့ရာ အောက်တိုဘာ ၃ ရက်ထုတ် ကြေးမုံသတင်းစာနှင့် နိုဝင်ဘာ ၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတို့တွင် ဖော်ပြခဲ့သည်ကို ဖတ်ရှုခဲ့ရပေသည်။ ထိုဆောင်းပါးနှင့် ဖော်ပြပါ တိုးတက်ပြောင်းလဲမှုတို့ကို ဆရာယောနကဘိုးထောင်၏ ဆောင်းပါးတွင် လုံးဝမတွေ့ရပေ။ အားသာချက်များကို သတင်းအမှောင်ချထားပြီး အားနည်းချက်ကိုသာ ရေးသားထားသော ဆောင်းပါးရှင်၏ စေတနာ၊ ရည်ရွယ်ချက်ကို အကဲဖြတ်နိုင်ပေသည်။

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးရှိရာတွင် အတိတ်ကိုအခြေခံ၍ ပစ္စုပ္ပန်ကောင်းအောင် ပြုလုပ်ရသည်။ ပစ္စုပ္ပန်ကောင်းလျှင် အနာဂတ် သာယာပေမည်။ ကာလသုံးပါး ဆက်စပ်မှုရှိသည်မှာ ထင်ရှားသည်။ အတိတ်သည် ကုန်လွန်ခဲ့ပြီးဖြစ်ရာ ပြန်ပြင်၍ မရပေ။ ထို့အတူ အနာဂတ်မှာ မရောက်သေးသောကာလဖြစ်၍ မည်သို့မျှ ပြုလုပ်ရန် မလိုသေးပေ။ အကောင်း၊ အဆိုးကို ပစ္စုပ္ပန်တွင်သာ လုပ်ကိုင်နိုင်သည်။ ထို့ကြောင့် ပစ္စုပ္ပန်သာလျှင် အဓိကဖြစ်သည်မှာ ယုံမှားဖွယ်ရာ မရှိပါ။ ပစ္စုပ္ပန်အခြေအနေများကို မျက်ကွယ်ပြု ရေးသားထားသည်မှာ မည်သို့မျှ ဓမ္မဓိဋ္ဌာန်မကျဘဲ လိုရာဆွဲရေးနေသည်မှာ ထင်ရှားသည်။ ဆောင်းပါးရှင်သည် စာပေဗိမာန်သို့အမြဲဝင်ထွက်သွားလာနေသူဟု သိရသောအခါ ရေးသားချက်များမှာ ဓမ္မဓိဋ္ဌာန်မကျကြောင်း ပိုမိုထင်ရှားပေသည်။

“စာပေဗိမာန်သည် အစဉ်အလာကြီးမားသဖြင့် စာပေဗိမာန်သမိုင်းကြောင်းသည် မေ့ပျောက်၍ မရစကောင်းဖြစ်ကြောင်း၊ ထို့ကြောင့် စာပေဗိမာန် သမိုင်းပြုစုရန်နှင့် ပြခန်းဖွင့်လှစ်နိုင်ရန် လက်လှမ်းမီသမျှ သမိုင်းပြုစုပေးရန်၊ စာပေဗိမာန်နှင့်ဆိုင်သော ပစ္စည်းများရှိလျှင် ခေတ္တငှားရန် သို့မဟုတ် လှူဒါန်းရန်အတွက် စာပေဗိမာန်တွင် တာဝန်ထမ်းဆောင်ခဲ့သူများ၊ စာပေဗိမာန်နှင့် ဆက်စပ်သူများအားလုံးထံ စာတည်းမှူးချုပ်က အကူအညီတောင်းခံခဲ့ခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများကိုလည်း သမိုင်းဆိုင်ရာအချက်အလက်များ မကျန်ခဲ့စေရန်နှင့် ခိုင်မာမှုရှိစေရန် အကိုးအကား၊ အထောက်အထားများ ရှာဖွေရန် လမ်းညွှန်ထားကြောင်း၊ ရေးဟန် တစ်ပုံစံတည်းဖြစ်စေရန် စာတည်းမှူးချုပ်ကိုယ်တိုင် ရေးသားပြုစုမည်ဖြစ်ကြောင်း”ကိုလည်း စာကြည့်တိုက်သွားရင်း သိခဲ့ရသည်။

ဤသို့သော အားထုတ်မှုကို အသိအမှတ်ပြုကြောင်း၊ ကြိုဆိုကြောင်း တစ်လုံးတစ်ပါဒမပါဘဲ “စာပေဗိမာန်သမိုင်းပြုစုရန်၊ စာပေဗိမာန်ပြခန်းဖွင့်လှစ်နိုင်ရန် ဆောင်းပါးရှင်ထံ အကူအညီတောင်းခံစာ ရောက်လာကြောင်း၊ ဆောင်းပါးရှင်က အမျိုးသားစာပေဆုတစ်ဆု၊ စာပေဗိမာန်စာမူဆု ငါးဆု၊ နိုင်ငံတော်အဆင့် စာပေဆုကိုရရှိပိုင်ဆိုင်ထား၍ စာပေဗိမာန်စာတည်းမှူးချုပ်က အားကိုးဟန်တူပါသည်” ဟု ကိုယ်ရည်သွေးရေးထားသည်ကိုသာ တွေ့ရသည်။ စာပေဗိမာန်၏ ပကတိ ပစ္စုပ္ပန်အခြေအနေကို လျစ်လျူရှုရေးထားသည်မှာ စဉ်းစားစရာပင်။

သို့ဖြစ်ရာ အစဉ်အလာကောင်းများရှိသော စာပေဗိမာန် ဆက်လက်တိုးတက်စေရန် အပြုသဘောဖြင့် ဝေဖန်အကြံပေး ရေးသားသင့်ကြောင်း စာပေချစ်မြတ်နိုးသူတစ်ဦးအနေဖြင့် ဖတ်မိသမျှမှ ဆင်ခြင်တွေးဆမိသမျှ ရေးသားလိုက်ရပေသည်။ ။

---

# အာဆီယံခရီးသွားပြပွဲ ၂၀၁၅ တွင် မြန်မာနိုင်ငံမှ စီးပွားရေးစာချုပ်များချုပ်ဆိုနိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၆**

အာဆီယံခရီးသွားပြပွဲ ၂၀၁၅ (ASEAN Tourism Fair 2015)ကို Touch & Taste ASEAN ဆောင်ပုဒ်ဖြင့် ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ အာဆီယံ-ကိုရီးယား ဗဟိုဌာနမှ ကြီးမှူး၍ နိုဝင်ဘာ ၁၈ ရက်မှ ၂၁ရက်အထိ ဆိုးလ်မြို့ရှိ COEX အဆောက်အအုံ၌ ကျင်းပခဲ့ပြီး ယခုနှစ်ပွဲတွင် ယခင်နှစ်များနှင့် မတူဘဲ စီးပွားရေးစာချုပ်များချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

ပြပွဲတွင်(၇)ကြိမ်မြောက်အာဆီယံယဉ်ကျေးမှုနှင့်ခရီးသွားပြပွဲ၊ ဒုတိယအကြိမ်မြောက် အာဆီယံစီးပွားရေးပြပွဲများ ပေါင်းစပ်ပြီး တစ်နေရာတည်းတွင် ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်းတွင် မြန်မာနိုင်ငံ၏ခရီးစဉ်ဒေသများကို လက်ကမ်းစာစောင်များ၊ ခရီးသွားလမ်းညွှန်များ၊ အမှတ်တရလက်ဆောင်ပစ္စည်းများ ပြသထားရာ ကိုရီးယားပြည်သူများ၊ နိုင်ငံတကာမှ ခရီးသွားများစိတ်ဝင်စားစွာ လာရောက် ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

အဆိုပါပြပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြခန်း ၁၀ ခန်းဖွင့်လှစ်ပြသခဲ့ပြီး စားသောက်ကုန်ပြခန်းများတွင် မြန်မာနိုင်ငံ၏ရေထွက်ကုန်ပစ္စည်းများ၊ အေးခဲသရက်သီးများ၊ လက်ဖက်စို၊ လက်ဖက်ခြောက်၊ သီဟိုစေ့၊ ကော်ဖီ၊ ပျားရည်နှင့် ပဲအမျိုးမျိုးတို့ ပြသခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

❑❑❑

# ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်း

## ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေ
## (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၈။)

**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်**
**( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ကိုယ်အင်္ဂါအစိတ်အပိုင်း**ဆိုသည်မှာ လူ၏ခန္ဓာကိုယ်နှင့်ယင်းခန္ဓာကိုယ် ဖွဲ့စည်းမှုတွင် ပါဝင်သော ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ဆိုသည်။

(ခ) **သေဆုံးသူ**ဆိုသည်မှာ အကြောင်းတစ်ခုခုကြောင့် လူ၏ဦးနှောက်လုပ်ငန်းများအားလုံး လုံးဝရပ်စဲသွား၍သော်လည်းကောင်း၊ သွေးလည်ပတ်မှုလုပ်ငန်းများအားလုံး လုံးဝရပ်စဲသွား၍သော်လည်းကောင်း သက်ဆိုင်ရာဆရာဝန်များက သေဆုံးကြောင်း အတည်ပြုခြင်းခံရသူကိုဆိုသည်။

(ဂ) **ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ** ဆိုရာတွင် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ဆန္ဒအလျောက် အခမဲ့ခွင့်ပြုလှူဒါန်းသည့် အောက်ပါပုဂ္ဂိုလ်တို့ ပါဝင်သည်-

(၁) မိမိ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို အခြားသူတစ်ဦးတစ်ယောက်၏ ခန္ဓာကိုယ်တွင် အစားထိုးအသုံးပြုနိုင်ရေးအတွက် ထုတ်ယူရန် ခွင့်ပြုသော အသက်(၁၈)နှစ်ပြည့်ပြီး စိတ်ကျန်းမာရေးကောင်းမွန်သည့် သက်ရှိထင်ရှားရှိသူ၊

(၂) မိမိသေဆုံးပြီးနောက် မိမိ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ထုတ်ယူ၍လိုအပ်သလို အသုံးပြုနိုင်ရေးအတွက် သက်ရှိထင်ရှားရှိစဉ်ကတည်းက ကြိုတင်ဆန္ဒပြုထားသူ၊

(၃) ပုဒ်မခွဲငယ်(၂)အရ ကြိုတင်ဆန္ဒပြုထားခြင်းမရှိသည့် သေဆုံးသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ထုတ်ယူ၍ လိုအပ်သလို အသုံးပြုရန် ခွင့်ပြုသည့် ကျန်ရစ်သူဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကို မောင်နှမများ၊ယင်းတို့ တစ်ဦးတစ်ယောက်မျှမရှိ၍ ယင်းတို့၏ကိုယ်စားခွင့်ပြုသော ဆွေမျိုးသားချင်းတစ်ဦးဦး။

(ဃ) **အရည်အသွေးစစ်ဆေးခြင်း**ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းသည် အစားထိုးကုသခြင်းပြုနိုင်သည့် အရည်အသွေးရှိမရှိ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးခြင်းကို ဆိုသည်။

(င) **လက်ခံရေးဌာန**ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သတ်မှတ်ချက်နှင့်အညီ အရည်အသွေးစစ်ဆေး၍ လက်ခံခြင်း၊ သိုလှောင်ခြင်းနှင့်ထုတ်ပေးခြင်း ပြုသည့်ဌာနကို ဆိုသည်။

(စ) **သိုလှောင်ခြင်း** ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူပြီး အစားထိုးကုသရန်ဖြစ်စေ၊ ပညာသင်ကြားရန်ဖြစ်စေ၊ သုတေသနပြုရန်ဖြစ်စေ လိုအပ်သည့် အချိန်တွင် အသင့်ရှိစေရေးအတွက် သတ်မှတ်ချက်များနှင့်အညီ လက်ခံရေးဌာနက ထိန်းသိမ်းထားခြင်းကို ဆိုသည်။

(ဆ) **ထုတ်ပေးခြင်း** ဆိုသည်မှာ သိုလှောင်ထားသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို အစားထိုးကုသရန်ဖြစ်စေ၊ ပညာသင်ကြားရန်ဖြစ်စေ၊ သုတေသနပြုရန်ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ လက်ခံရေးဌာနက ထုတ်ပေးခြင်းကို ဆိုသည်။

(ဇ) **အစားထိုးကုသခြင်း**ဆိုသည်မှာ အကြောင်းတစ်ရပ်ရပ်ကြောင့် ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခု ပျက်စီးဆုံးရှုံးရသူ၏ ပျက်စီးဆုံးရှုံးသွားသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းဖြင့် အစားထိုးရန် ခွဲစိတ်ခြင်းဖြင့်သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း ကုသခြင်းကိုဆိုသည်။

(ဈ) **အသိအမှတ်ပြုလွှာ**ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူအား လက်ခံရေးဌာနက ထုတ်ပေးသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ည) **ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခွင့်ရှိသူ** ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူထံမှ ကိုယ်အင်္ဂါအစိတ်အပိုင်းကိုထုတ်ယူရန် ကျန်းမာရေးဝန်ကြီးဌာန၏ အခွင့်အာဏာ အပ်နှင်းခြင်းခံရသူကို ဆိုသည်။

(ဋ) **ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခြင်း**ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခွင့်ရှိသူက သတ်မှတ်ချက်များနှင့်အညီ ထုတ်ယူခြင်းကို ဆိုသည်။

(ဌ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းသည့် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီကို ဆိုသည်။

### အခန်း (၂)
### ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကိုယ်အင်္ဂါအစိတ်အပိုင်းအစားထိုးကုသမှုကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ခြင်းဖြင့် ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသမှုခံယူရမည့်သူများ၏အသက်ကို ကယ်တင်နိုင်ရန်၊

(ခ) ကိုယ်အင်္ဂါအစိတ်အပိုင်းချို့ယွင်း၍ မသန်မစွမ်းဖြစ်သူများအား ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသပေးနိုင်ခြင်းဖြင့် ပြန်လည်သန်စွမ်းလာစေရန်၊

(ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသရေးလုပ်ငန်းများနှင့်သက်ဆိုင်သော သုတေသနလုပ်ငန်းနှင့် ပညာသင်ကြားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်၊

(ဃ) ပြည်သူလူထုအတွင်း ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူများ တိုးပွားလာစေရေးအတွက် ဆောင်ရွက်နိုင်ရန်၊

(င) ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသရေးတွင် အစိုးရဌာန၊ အဖွဲ့အစည်းများ၊အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ပုဂ္ဂိုလ်များ၏ အကူအညီရယူ၍ ပူးပေါင်းဆောင်ရွက်နိုင်ရန်။

### အခန်း (၃)
### ကော်မတီဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ၏ လုပ်ငန်းတာဝန်များ

၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၏ အကြီးအမှူးနှင့် ကိုယ်စားလှယ်(၅) ဦး | အဖွဲ့ဝင် |
| (၃) | သင့်လျော်သော ကျွမ်းကျင်သူပညာရှင်(၁၇) ဦး | အဖွဲ့ဝင် |
| (၄) | ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက အဖွဲ့ဝင်များအနက်မှ သင့်လျော်သည့် ပုဂ္ဂိုလ်များကို ဒုတိယဥက္ကဋ္ဌနှင့်တွဲဖက်အတွင်းရေးမှူးများအဖြစ် သတ်မှတ်တာဝန်ပေးအပ်နိုင်သည်။

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မူဝါဒများ ချမှတ်ခြင်း၊

(ခ) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူများ တိုးတက်များပြားလာရေးအတွက် ပညာပေးအစီအစဉ်များ ချမှတ်လမ်းညွှန်ခြင်း၊

(ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်း၏ အရည်အသွေး စစ်ဆေးခြင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခြင်း၊ သိုလှောင်ခြင်းနှင့်ထုတ်ပေးခြင်းပြုရာတွင် လိုက်နာဆောင်ရွက်ရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) အစားထိုးကုသမှုဆိုင်ရာ နည်းပညာတိုးတက်မြင့်မားရေးအတွက် သုတေသနလုပ်ငန်းများမြှင့်တင်နိုင်ရန်နှင့် ခေတ်မီနည်းပညာများ သင်ကြားလေ့ကျင့်နိုင်ရန် စီမံချက်များ ရေးဆွဲခြင်းနှင့်ယင်းစီမံချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(င) အစားထိုးကုသမှုနှင့်သုတေသနလုပ်ငန်းတို့နှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူများ၊ ပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(ဆ) ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ပြည်ပသို့ တင်ပို့ခြင်းနှင့် ပြည်တွင်းသို့ တင်သွင်းခြင်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ သတ်မှတ်ခြင်း၊

(ဇ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရအဖွဲ့မဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ကုမ္ပဏီများက ပေးအပ်သော အကူအညီကိုလည်းကောင်း၊ အလှူငွေနှင့်ပစ္စည်းတို့ကိုလည်းကောင်း လက်ခံရယူခြင်း၊ စနစ်တကျထိန်းသိမ်းခြင်းနှင့်ခွဲဝေသုံးစွဲခြင်းကို ခွင့်ပြုခြင်းနှင့်ကြီးကြပ်ခြင်း၊

(ဈ) လက်ခံရေးဌာနထားရှိရန် လိုအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၊ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို စိစစ်ရွေးချယ်၍ လက်ခံရေးဌာနထားရှိရေးအတွက် သက်ဆိုင်ရာဌာနအားညွှန်ကြားခြင်း၊

(ည) ဤဥပဒေအရ ဖွဲ့စည်းရန်သတ်မှတ်သော အရည်အသွေး စစ်ဆေးရေးအဖွဲ့အပြင် အခြားကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့များကို လိုအပ်သလိုဖွဲ့စည်းပြီး ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း။

### အခန်း (၄)
### ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်း

၆။ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူသည် သက်ဆိုင်ရာလက်ခံရေးဌာနသို့ ဆက်သွယ်၍ လှူဒါန်းနိုင်သည်။

၇။ သေဆုံးသူသည် ပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၂)အရ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ ဖြစ်ကြောင်းသိရှိလျှင် သက်ဆိုင်ရာဆေးရုံ သို့မဟုတ် ဆေးခန်းမှ တာဝန်ရှိသူကသော်လည်းကောင်း၊ သေဆုံးသူ၏ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ သို့မဟုတ် ညီအစ်ကို မောင်နှမကသော်လည်းကောင်း၊ ဆွေမျိုးသားချင်းတစ်ဦးဦးကသော်လည်းကောင်း အနီးဆုံး လက်ခံရေးဌာနသို့ အမြန်ဆုံးအကြောင်းကြားရမည်။

၈။ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူသည် ထုတ်ပေးသော အသိအမှတ်ပြုလွှာကို ပြန်လည်အပ်နှံပြီး ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်း မှတ်ပုံတင်စာရင်းမှပယ်ဖျက်ပေးရန် သက်ဆိုင်ရာ လက်ခံရေးဌာနသို့ အကြောင်းကြားခွင့်ရှိသည်။ ထိုသို့အကြောင်းကြားလာလျှင် ယင်း၏အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပေးရမည်။

၉။ လက်ခံရေးဌာနသည် ကိုယ်အင်္ဂါအစိတ်အပိုင်းလက်ခံခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ နည်းဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

### အခန်း (၅)
### ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခြင်း

၁၀။ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူသည်-

(က) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူက လှူဒါန်းသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူခွင့်ရှိသည်။

(ခ) လိုအပ်ပါက မှုခင်းဆရာဝန်က မှုခင်းဖြစ်ရပ် တစ်ခုခုကြောင့် ရင်ခွဲစစ်ဆေးလျက်ရှိသော သေဆုံးသူထံမှ သတ်မှတ်အရည်အသွေးနှင့်ပြည့်စုံသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူရန် ကျန်ရစ်သူဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကိုမောင်နှမ သို့မဟုတ် ဆွေမျိုးသားချင်း တစ်ဦးဦးထံမှ ဦးစားပေးအစီအစဉ်အတိုင်း တောင်းဆိုခွင့်ရှိသည်။

(ဂ) ပုဒ်မခွဲ (က) အရ ထုတ်ယူသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို သက်ဆိုင်ရာ လက်ခံရေးဌာနသို့ စနစ်တကျ လွှဲပြောင်းပေးရမည်။

၁၁။ မှုခင်းဆရာဝန်သည် ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ) အရ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူက တောင်းဆိုသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို အောက်ပါအကြောင်းတစ်ရပ်ရပ်ရှိနေပါက ပေးအပ်ရန် ငြင်းဆိုနိုင်သည်-

(က) သေဆုံးသူက ယင်းမသေဆုံးမီ မိမိ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းရန် ဆန္ဒမရှိကြောင်းစာဖြင့် ရေးသားထားခဲ့ခြင်း၊

(ခ) မှုခင်းဆိုင်ရာကိစ္စဖြစ်၍ ရင်ခွဲစစ်ဆေးမှုဆောင်ရွက်နေဆဲဖြစ်ခြင်း၊

(ဂ) ကျန်ရစ်သူဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကို မောင်နှမ သို့မဟုတ် ဆွေမျိုးသားချင်းတစ်ဦးဦးက ကန့်ကွက်ခြင်း။

### အခန်း (၆)
### အရည်အသွေးစစ်ဆေးခြင်း၊ သိုလှောင်ခြင်းနှင့် ထုတ်ပေးခြင်း

၁၂။ ကော်မတီသည် ကိုယ်အင်္ဂါအစိတ်အပိုင်း အရည်အသွေး စစ်ဆေးရေးအဖွဲ့ကို သင့်လျော်သည့် ကျွမ်းကျင်သော ပညာရှင်များဖြင့် ဖွဲ့စည်းပြီး တာဝန်နှင့်လုပ်ပိုင်ခွင့်များသတ်မှတ်ပေးရမည်။

၁၃။ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူက ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂)အရ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူထံမှ ထုတ်ယူရရှိသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို အစားထိုးကုသခြင်း ပြုလုပ်ရာတွင် အရည်အသွေး စစ်ဆေးရေးအဖွဲ့က သတ်မှတ်ချက်နှင့် ညီညွတ်မှု ရှိမရှိ စစ်ဆေးပြီး အရည်အသွေးပြည့်မီသော ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သိုလှောင်ခြင်းပြုရန် သက်ဆိုင်ရာလက်ခံရေးဌာနသို့ ပေးပို့ရမည်။

၁၄။ လက်ခံရေးဌာနသည် သိုလှောင်ရန် ရောက်ရှိလာသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သတ်မှတ်ချက်များနှင့်အညီ သိုလှောင်ရမည်။

၁၅။ အစားထိုးကုသရန် လိုအပ်၍ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သက်ဆိုင်ရာ တာဝန်ရှိသူကသတ်မှတ်သည့် နည်းလမ်းနှင့်အညီ တောင်းခံလာသည့်အခါ လက်ခံရေးဌာနက လိုအပ်သည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို စိစစ်၍ ထုတ်ပေးရမည်။

၁၆။ လက်ခံရေးဌာနသည် အစားထိုးကုသခြင်းတွင် အသုံးပြုနိုင်ခြင်းမရှိသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ပညာသင်ကြားရာတွင်ဖြစ်စေ၊ သုတေသနပြုရန်ဖြစ်စေ သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပေးရမည်။

### အခန်း (၇)
### တားမြစ်ချက်များ

၁၇။ မည်သူမျှ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ကော်မတီက သတ်မှတ်သော စည်းကမ်းချက်များနှင့်အညီမှတစ်ပါး အခြားမည်သည့်အကြောင်းကြောင့်မျှ ထုတ်ယူခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်းမပြုရ။

၁၈။ မည်သူမျှ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းပြုရန် မရိုးမဖြောင့်သော သဘောဖြင့်သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း၊ တိုက်တွန်းခြင်း သို့မဟုတ် လှုံ့ဆော်ခြင်းပြု၍ ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းစေခြင်း မပြုရ။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

# ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေပြဋ္ဌာန်း

**ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၉ ။)**
**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်**
**( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။
၁။ ဤဥပဒေကို ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။
၂။ ပင်စင်အက်ဥပဒေ(The Pensions Act) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

❖ **စာမျက်နှာ ၇ မှ**

၁၉။ မည်သူမျှ ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းခြင်းပြုရန်ဆန္ဒမရှိသူထံမှ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ထုတ်ယူခြင်း၊ ယင်းသို့ထုတ်ယူရန် ခြိမ်းခြောက်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် မတရားသြဇာလွှမ်းမိုးခြင်း မပြုရ။

၂၀။ မည်သူမျှ လှူဒါန်းသောကိုယ်အင်္ဂါအစိတ်အပိုင်းမှတစ်ပါး အခြားကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို လှူဒါန်းသူ၏ သဘောတူညီချက်မရရှိဘဲ ထုတ်ယူခြင်း၊ ယင်းသို့ထုတ်ယူရန် တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း မပြုရ။

၂၁။ မည်သူမျှ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူများ မှတ်ပုံတင်စာရင်းပါ ရေးသွင်းထားချက်များကို မရိုးမဖြောင့်သောသဘောဖြင့် ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းမပြုရ။

၂၂။ မည်သူမျှ ပုဒ်မ ၁၇ မှ ပုဒ်မ ၂၁ အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်ရန် အားပေးကူညီခြင်းမပြုရ။

**အခန်း (၈)**
**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၂၃။ မည်သူမဆို ပုဒ်မ ၁၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်ရမည်။

၂၄။ မည်သူမဆို ပုဒ်မ ၁၈၊ပုဒ်မ ၁၉ နှင့် ပုဒ်မ ၂၀ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ရမည်။

၂၅။ မည်သူမဆို ပုဒ်မ ၂၁ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

**အခန်း (၉)**
**အထွေထွေ**

၂၇။ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်သော မျက်စိလှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်ကိုလည်းကောင်း၊ သွေးလှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ သွေးနှင့် သွေးပစ္စည်းဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်ကိုလည်းကောင်း လိုက်နာဆောင်ရွက်ရမည်။

၂၈။ ကျန်းမာရေးဝန်ကြီးဌာနသည်-
(က) အစိုးရဝန်ထမ်းမဟုတ်သော ကော်မတီဝင်များအတွက် သတ်မှတ်သည့်ချီးမြှင့်ငွေနှင့် ကော်မတီ၏ အသုံးစရိတ်များကို ကျခံရမည်။
(ခ) ကော်မတီ၏ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့်ဆောင်ရွက်သော တာဝန်ရှိသူတို့အား ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုခွင့်မရှိစေရ။

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် -
(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ကော်မတီနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့သည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၁။ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁/၂၀၀၄)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## တန်ဆောင်တိုင် နိဗ္ဗာန်ဈေးပွဲတော်နှင့် စတုဒိသာလှူဒါန်းပွဲကျင်းပ

**ကွမ်းခြံကုန်း နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် မြို့မပိုင်းရပ်ကွက်တွင် နိုဝင်ဘာ ၂၅ ရက် ညနေ ၄ နာရီမှစတင်ကာ နိဗ္ဗာန်ဈေးပွဲတော်အဖြစ် ကံစမ်းမဲများနှိုက်ပြီး ပျော်ရွှင်စရာကစားနည်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ကံစမ်းမဲတွင် လက်ဆောင်ပစ္စည်းများအဖြစ် ၁၄ လက်မ TV နှင့် စက်ဘီးအပြင် အခြားဆုမဲပေါင်းများစွာကို မဲဖောက်ပေးခဲ့သည်။ ဆက်လက်ပြီး စတုဒိသာကျွေးမွေးရေးအစီအစဉ်အရ ထမင်း၊ မုန့်ဟင်းခါး၊ ကြာဆန်ကြော်၊ နို့အေးတို့ဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။ **(စိန်တိုး)**



## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရွှေကြာသင်္ကန်းကပ်လှူပူဇော် နေပြည်တော်တစ်ဝန်း ကုသိုလ်ပုညပြုသူများနှင့် စည်ကားများပြားလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ သတ္တမအကြိမ် တန်ဆောင်တိုင် ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် (၇၁)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ဥပ္ပါတသန္တိစေတီတော်၏ လိုဏ်တော်အတွင်း ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်နှင့် တာဝန်ရှိသူများ တက်ရောက်ပူဇော်ကြပြီး လိုဏ်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်သည်။

ညနေ ၆ နာရီတွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် ဝတ်ရွတ်ပူဇော်ပွဲများ ကျင်းပရာ ဘုရားဖူးပြည်သူများ၊ ကုသိုလ်ဒါနပြုကြသူများနှင့် အထူးစည်ကားလျက်ရှိသည်။

ထို့အပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဓာတုစယဓာတ်ပေါင်းစုစေတီ**(အပေါ်ပုံ)**၊ ဘုရားကိုးဆူ၊ ကိုးခမ်းကြီးဘုရား၊ အောင်မင်းခေါင်ဘုရား၊ ဇိနမာရ်အောင်၊ မင်းဝံတောင်ဘုရား၊ စူဠာမဏိဘုရားများနှင့် လယ်ဝေးမြို့နယ် ဖောင်တောင်ချက်မ၊ ရန်အောင်မြင် ရွှေလက်လှဘုရားနှင့်တပ်ကုန်းမြို့နယ်ရှိ ဘုရားပုထိုးများတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

အထူးသဖြင့် နေပြည်တော် သတ္တသတ္တာဟ ဗုဒ္ဓဂယာဘုရားတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများနှင့် အထူးစည်ကားလျက်ရှိသည်။ ထို့အပြင် နေပြည်တော် ရေပန်းဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်နှင့် ရေပူစမ်းတို့တွင်လည်း အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

နေပြည်တော်အတွင်းရှိ ရပ်ကွက်များနှင့် မြို့နယ်များတွင် နိဗ္ဗာန်ဈေးပွဲတော်များကို ညနေပိုင်းမှစတင်၍ ကုသိုလ်ပြုလှူဒါန်းသူများဖြင့် စည်ကားလျက်ရှိသည်။

**(သတင်းစဉ်)**



## တန်ဆောင်မုန်းလပြည့်နေ့ မန္တလေးမြို့တွင် စည်ကား

**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေးမြို့ပေါ်တွင် ယနေ့နံနက် အရုဏ်တက်ချိန်မှစ၍ မြို့ပေါ်နှင့် အနီးဝန်းကျင်ရှိ တန်ခိုးကြီး ဘုရားပုထိုးစေတီတော်များနှင့် ဓမ္မာရုံများတွင် တန်ဆောင်တိုင် မီးထွန်းပွဲတော်၊ မသိုးသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ၊ ရွှေကြာသင်္ကန်းလှူပူဇော်ပွဲနှင့် ဘုန်းတော်ကြီးကျောင်းများနှင့် ဘာသာရေးဆိုင်ရာဌာနအသီးသီးတွင် ကုသိုလ်ဒါနပြုခြင်းများ၊ ဆီမီးထွန်းပူဇော်ပွဲများကို အစဉ်အလာမပျက် ကျင်းပလျက်ရှိရာ အထူးစည်ကားလျက်ရှိသည်။

ရှေးဦးစွာ ယနေ့ နံနက် ၄ နာရီတွင် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌ အမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ဆွမ်း၊ ရေချမ်းကပ်လှူပူဇော်ကြသည်။ ဗုဒ္ဓဘာသာဝင်သူတော်စင် ရဟန်းရှင်လူပြည်သူများကလည်း မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်ကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူခြင်း၊ ဖယောင်းဆီမီးပူဇော်ထွန်းညှိခြင်းနှင့် ဝတ်အသင်းအဖွဲ့များက ပဋ္ဌာန်းဒေသနာတော်များရွတ်ဖတ်ပူဇော်၍ တရားဘာဝနာအားထုတ်ကြသူများနှင့် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

ယနေ့ညပိုင်းတွင် စွယ်တော်မြတ်စေတီတော်(မန္တလေး)၊ ကျောက်တော်ကြီး၊ ကုသိုလ်တော်၊ မန္တလေးတောင်ဆုတောင်းပြည့်ဘုရား၊ မဟာလောကရန်နိုင်အောင်တော်မူဘုရား၊ ရွှေကျီးမြင်ဘုရား၊ ဆုတောင်းရ ဆုတောင်းပြည့်ဘုရား၊ ဘုရားနီဘုရားနှင့် တန်ခိုးကြီးဘုရားစေတီတော်တို့အပြင် ဝေရောစနကျောက်စိမ်းစေတီတော်ကြီးတွင်လည်း ဘုရားဖူးလာသူများနှင့် အထူးစည်ကားလျက်ရှိပြီး ဘုရားများတွင် ရွှေသင်္ကန်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆွမ်းဆက်ကပ်ခြင်း၊ ဆီမီးထွန်းညှိပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ကြသူများ၊ တရားဘာဝနာအားထုတ်ကြသူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလှပြီး ဘုရားဖူးလာပြည်သူများကိုလည်း မုန့်လုံးရေပေါ်၊ ကြာဆန်ဟင်းခါး၊ မဲဇလီဖူးသုပ်တို့ဖြင့် စတုဒိသာကျွေးမွေးကုသိုလ်ပြုလျက်ရှိရာ အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ပြည်တွင်းရေးရာ



မဟာဝိဇယစေတီတော်တွင် ဘုရားဖူးများ စည်ကားလျက်ရှိစဉ်။
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

**○ ကျောဖုံးမှ**

ထို့ကြောင့် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တန်ခိုးကြီးဘုရားစေတီများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ မသိုးရွှေကြာသင်္ကန်းကပ်လှူပွဲများ ကျင်းပခြင်း၊ သာမညဖလအခါတော်နေ့ ကျင်းပခြင်း၊ ကထိန်လျာသင်္ကန်းကပ်လှူပွဲများ ကျင်းပခြင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် ဆီမီးထွန်းညှိပူဇော်ပွဲများကျင်းပခြင်း၊ သက်ကြီး ဝါကြီးများအား ပူဇော်ကန်တော့ခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှုပြုကြခြင်းများကို အစဉ်အလာတစ်ရပ်အဖြစ် ကျင်းပခဲ့ကြသည်။

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၃၁)ကြိမ်မြောက် မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ပွဲမှရရှိသောသင်္ကန်းများကို ဝိနည်းတော်နှင့်အညီ ချုပ်လုပ်ထားသည့် မသိုးရွှေကြာသင်္ကန်းတော်များကို ယနေ့ တန်ဆောင်မုန်းလပြည့် အရုဏ်တက်ချိန်၌ စေတီတော်ရင်ပြင်အာရုံခံတန်ဆောင်းများအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်လေးဆူ၊ အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်နှင့် ရင်ပြင်တော်ပေါ်ရှိ ဗုဒ္ဓရုပ်ပွားတော် စုစုပေါင်းရုပ်ပွားတော် ကိုးဆူအား ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ဆက်လက်၍ နံနက် ၅ နာရီတွင် စေတီရင်ပြင်တော် တောင်ဘက် ဧည့်ခံတန်ဆောင်း၌ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များနှင့် ဘုရားဖူးလာပြည်သူများက စေတီတော်အား ဆွမ်းတော်ကြီး တင်လှူဆက်ကပ်ပူဇော်ကြသည်။

ယင်းနောက် နံနက် ၅ နာရီခွဲတွင် ရင်ပြင်တော်တောင်ဘက် ရောင်တော်ဖွင့်တန်ဆောင်း၌ စေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများနှင့် သံဃာတော်များအား ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးအသင်းအဖွဲ့ဝင်များက အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ရေစက်ချအခမ်းအနားကို ကျင်းပကာ ဆရာတော်၊ သံဃာတော်များထံမှ ကိုးပါးသီလ ခံယူဆောက်တည်ခြင်း၊ ပရိတ် တရားတော်များ နာယူခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ရေစက်သွန်းချ အနုမောဒနာတရားနာယူကြပြီး ရေစက်ချအမျှပေးဝေကြသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် မသိုးရွှေကြာသင်္ကန်းကပ်လှူခြင်းအခမ်းအနားကို နံနက် အရုဏ်မတက်မီအချိန်တွင် စေတီတော်ရင်ပြင်ပေါ်၌ ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဉာဏဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်မိသားစုများက သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် မြတ်စွာဘုရား၏ ဆံတော်မြတ်နှင့် စေတီတော်ရင်ပြင်ရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား မသိုးရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် (၃၃)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်ပြိုင်ပွဲ ဆုနှင်းသဘင်အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ စေတီတော်အလှည့်ကျ ဂေါပကအဖွဲ့ဝင်များက မသိုးရွှေကြာသင်္ကန်း ရက်ပြိုင်ပွဲအတွက် လှူဒါန်းကြသော အလှူရှင်များအား ထုတိမင်္ဂလာဂုဏ်ပြုလွှာများပေးအပ်ကြပြီး ဆုရရှိကြသူများအား ဆုများ ချီးမြှင့်ကြသည်။

ထို့နောက် သံဃာတော်များထံမှ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်က အနုမောဒနာတရားနာယူကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

သီရိမင်္ဂလာကမ္ဘာအေး စေတီတော်ဂေါပကအဖွဲ့ကကြီးမှူး၍ (၁၈)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းယှဉ်ပြိုင်ရက်ခတ်ပွဲမှရရှိသော ဝိနည်းတော်နှင့်အညီ ချုပ်လုပ်ပြီးစီးသော မသိုးရွှေကြာသင်္ကန်းတော်များကို နံနက် ၄ နာရီခွဲတွင် စေတီတော် ဂေါပကအဖွဲ့က ဦးဆောင်ကာ ဝတ်အသင်းသား အသင်းသူများ၊ ဘုရားဖူးလာပြည်သူများက စေတီတော်နှင့် စေတီတော်ရင်ပြင်ရှိ ဗုဒ္ဓရုပ်ပွားတော်ခုနစ်ဆူတို့၌ ဆက်ကပ်ပူဇော်ကြသည်။

ဆက်လက်၍ နံနက် ၅ နာရီခွဲတွင် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ စေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး နံနက် ၆ နာရီတွင် ရေစက်ချ တရားနာယူကြသည်။ နံနက် ၇ နာရီတွင် စေတီတော်အာရုံခံတန်ဆောင်းအပေါ်ထပ်၌ တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့အခမ်းအနားကိုကျင်းပပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် ဆုချီးမြှင့်ပွဲကို ကျင်းပသည်။

ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ် ဂေါပကအဖွဲ့က တန်ဆောင်မုန်းလဆန်း ၁၄ ရက် (အဖိတ်နေ့) ညနေပိုင်းက ကျင်းပခဲ့သည့် (၂၅)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပြိုင်ပွဲမှ ရရှိလာသော မသိုးရွှေကြာသင်္ကန်းတော်များကို ယနေ့နံနက် အရုဏ်တက်ချိန်၌ ဂေါပကအဖွဲ့က ဦးဆောင်ကာ အလှူရှင်များ၊ ဘုရားဖူးလာပြည်သူများက စေတီတော်နှင့် ရင်ပြင်တန်ဆောင်းအသီးသီး၌ ကိန်းဝပ်စံပယ်သည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၌ ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တန်ခိုးကြီးဘုရား ပုထိုးစေတီ ကျောင်းကန်အသီးသီး၌ ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းကြသူများ၊ ဘုံကထိန်ပဒေသာပင်လှည့်လည်သူများ၊ သာမညဖလ အခါတော်နေ့ ကျင်းပကုသိုလ်ပြုကြသူများ၊ ဥပုသ်သီတင်း သီလခံယူ ဆောက်တည်ကြသူများ၊ အလှူဒါနပြုကြသူများ၊ ကုသိုလ်ပုညပြုကြသူများဖြင့် အထူးများပြားခဲ့ကြပြီး ဥယျာဉ်ပန်းခြံများ၌လည်း အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိသည်။

ညပိုင်းတွင် ဌာနဆိုင်ရာရုံးများ၊ နေအိမ်တိုက်တာများ၌ ဗုဒ္ဓမြတ်စွာဘုရားအားရည်မှန်းကာ ရောင်စုံမီးထွန်းညှိပူဇော်ခြင်း၊ မြို့ရွာ၊ ရပ်ကွက်၊ လမ်းအသီးသီးတို့၌ မီးထွန်းပွဲတော်များ၊ နိဗ္ဗာန်ဈေး အလှူတော်ပွဲများ၊ စတုဒိသာကျွေးမွေးဧည့်ခံလှူဒါန်းမှုများ၊ ပျော်ပွဲရွှင်ပွဲများ၊ ကာတွန်းပြပွဲများဖြင့် သက်ဝင်လှုပ်ရှားလျက်ရှိသည်ကို တွေ့ရသည်။

❀❀❀



တန်ဆောင်မုန်းလပြည့်နေ့က ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပေါ်၌ မသိုးရွှေကြာသင်္ကန်းဆက်ကပ်ပူဇော်ရန် ပင့်ဆောင်ကြစဉ်။



တန်ဆောင်မုန်းလပြည့်နေ့က ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပေါ်၌ နိုင်ငံခြားသားဧည့်သည်များ လာရောက်ကြည်ညိုကြစဉ်။

**✻ ကေတုမတီ**

ဒေသခံများပူးပေါင်း၍ တောင်ငူမြို့တည်ဘုရင် မင်းကြီးညို၏ မင်းလုပ်အုပ်ချုပ်မှု သရုပ်ဖော်ပြကွက်များပြသဖျော်ဖြေခြင်း၊ မင်းကြီးညိုလက်ထက် စစ်အောင်နိုင်ခြင်းထိမ်းအမှတ်အဖြစ် ကေတုမတီမုခ်ဦးဗဟိုမဏ္ဍပ်မှ တော်ဝင်ကေတုမတီဟိုတယ်သို့ ဗိုလ်မှူးဖိုးကွန်းလမ်းမကြီးအတိုင်း ရာဇာဝင်းခင်းသဘင်ကို စည်ကားသိုက်မြိုက်စွာကျင်းပခြင်းများပြုလုပ်ခဲ့ရာ ပရိသတ်များ လမ်းလုံးပြည့်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ယင်းနောက် တော်ဝင်ကေတုမတီဟိုတယ် ဘုရင့်နောင်ခန်းမတွင် မြို့တည်နန်းတည် (၅၀၅)နှစ်ပြည့်အထိမ်းအမှတ်အဖြစ်ကျင်းပခဲ့သည့် သရုပ်ဆောင်ပြိုင်ပွဲ၊ အဆိုပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဓာတ်ပုံပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲ၊ မိုက်ခရိုမာရသွန်ပြိုင်ပွဲနှင့် နှစ်ကျိပ်ရှစ်ဆူဘုရား ဗုဒ္ဓဝင်ပြိုင်ပွဲများတွင် ဆုရရှိခဲ့သူများကို ဆုများချီးမြှင့်ခဲ့ပြီး ညနေပိုင်းတွင် တောင်ငူမြို့ရှိ လေးကျွန်းကန်တော်ကြီးတွင် တန်ဆောင်မုန်းလပြည့်နေ့အထိမ်းအမှတ်အဖြစ် မီးကြာခွက်တစ်ထောင်ကို ရေမျှောပူဇော်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်၍ အရှေ့တောင်အာရှတွင် အကြီးဆုံးအင်ပါယာကို တည်ဆောက်နိုင်ခဲ့သည့် ဘုရင့်နောင်၏ တောင်ငူခေတ်ကို စတင်တည်ထောင်ခဲ့သူ ဘုရင်မင်းကြီးညိုသည် အေဒီ ၁၄၈၅ နှစ်တွင် ထီးနန်းကိုသိမ်းပိုက်ပြီး မြဝတီ၊ ဒွါရဝတီ စသည့် မြို့တော်များတွင် အဆင့်ဆင့်စိုးစံကာ အင်အားကြီးမားလာပြီး အေဒီ ၁၅၁၀ တွင် ပေါင်းလောင်းမြစ်၏ အနောက်ဘက် ညီညာပြန့်ပြူးသောမြေတွင် ကေတုမတီ(တောင်ငူ)မြို့ကို တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါတွင် တောင်ငူမြို့သူမြို့သားများက ကေတုမတီတည်ထောင်ခဲ့သည့် (၅၀၀)ပြည့်နှစ်ကျရောက်သည့် ၂၀၁၀ ပြည့်နှစ်မှစ၍ မြို့တည်နန်းတည် အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့ရာ ယခုပြုလုပ်သည့် အခမ်းအနားသည် ဆဋ္ဌမအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။



ကေတုမတီ(တောင်ငူ)မြို့တည်နန်းတည် (၅၀၅)နှစ်ပြည့်အထိမ်းအမှတ်ပွဲကျင်းပမှုမြင်ကွင်း။

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဝန်ကြီးအား သွားရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၆**

ထိုင်းနိုင်ငံ၌ ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် နိုဝင်ဘာ ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဝန်ကြီးအား သွားရောက်တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဝန်ကြီးနှင့် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များသည် အာဆီယံရည်မှန်းချက်သို့ လျှောက်လှမ်းရာ၌ ဆောင်ရွက်ရမည့် တပ်မတော်အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့မှတစ်ဆင့် Anata Somakhom Throne Hall သို့ နံနက် ၁၀ နာရီ မိနစ် ၄၀ တွင်ရောက်ရှိရာ တာဝန်ရှိသူများက အမှတ်တရပစ္စည်းအရောင်းဆိုင်နှင့် အထိမ်းအမှတ်ပြတိုက်တွင် လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် မွန်းလွဲ ၂ နာရီတွင် ခေတ္တအခြေပြုရာ Siam Kempinski Hotel မှ ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ည ၇ နာရီတွင် ဟွာဟင်းမြို့ Dusit Thani Hua Hotelသို့ ရောက်ရှိသည်။

**(မြဝတီ)**



# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၆)ကြိမ်မြောက် အာဆီယံကြည်းတပ် ဦးစီးချုပ်များအစည်းအဝေး 16th ASEAN Chiefs of Army Multilateral Meeting (ACAMM-16)နှင့် (၁၅)ကြိမ်မြောက် အာဆီယံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ 25th ASEAN Armies Rifle Meet(25th AARM)ပိတ်ပွဲ အခမ်းအနားများသို့ တက်ရောက်ခဲ့သည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ဘန်ကောက်မြို့ သုဝဏ္ဏဘူမိလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာပြီး မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးဇော်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားကြသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



## ကြည်သာလှတဲ့ လတန်ဆောင်
(အချိုးတွဲ)

- တန်ဆောင်တိုင် ညအခါး
  လမင်းက ရွှန်းပြည့်သာ၊
  ကြတ္တိကာ အာကာစွန်းမှာ
  ထွန်းတဲ့ ချိန်ခါ၊
  ခဝဲက ဝါဝါ
  ရာသီရဲ့ တော်ဝင်ပန်း။
  ပုလဲမှုန် နှင်းရည်လူးတယ်
  ဆောင်းဦးလေဖျန်း။
- ဆောင်းအဝင် တန်ဆောင်လ
  ဆောင်သမျှ အောင်ရမည်
  နက္ခတ်စုံညီ၊
  မဲဇလီ စွဲတည်တဲ့နတ်ဆေး။
  တန်ဆောင်တိုင် လပြည့်ညမှာ
  ဝေငှလို့ပေး။
- တန်ဆောင်တိုင် မီးထွန်းပွဲ
  ဆင်နွှဲတဲ့ သည်အချိန်
  မီးရောင်စုံထိန်၊
  တစ်နှစ်မှာတစ်ကြိမ်
  ကထိန်တော် မြတ်သင်္ကန်း။
  အခါတော် ကုသိုလ်ထူးပေမို့
  သဒ္ဒါပို ချိုကြည်နူးတယ်
  ဦးခိုက်လှူဒါန်း။ ။

**ရေနံ့သာမောင်ကျော်သွင်**

# လူထုဒေါ်အမာ နှစ်(၁၀၀)ပြည့်မွေးနေ့အထိမ်းအမှတ်ဖွင့်ပွဲနှင့် ဟောပြောပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၆**

ပြည်သူချစ်သောသတင်းစာဆရာ စာရေးဆရာမကြီးလူထုဒေါ်အမာ၏ နှစ်(၁၀၀)ပြည့်မွေးနေ့ အထိမ်းအမှတ်ဖွင့်ပွဲနှင့် ဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီက (၈၄)လမ်းနှင့် (၃၁)လမ်းထောင့်ရှိ ဓမ္မသာလာခန်းမ၌ ကျင်းပသည်။**(အောက်ပုံ)**

အခမ်းအနားတွင် ဆရာမောင်သင့်နော်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ ဆရာကိုလေး(အင်းဝဂုဏ်ရည်)နှင့် ဆရာညီပုလေးတို့က အမှတ်တရစကားများ ပြောကြားခဲ့ကြပြီး ကျောက်ဆည်မြို့အောင်ဆန်းဇာနည်ဆင်အကအဖွဲ့က ဂုဏ်ပြုကပြဖျော်ဖြေပေးကြကာ အမှတ်တရမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ပြသထားသည့် ဆရာမကြီး လူထုဒေါ်အမာ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိမှတ်တမ်းဓာတ်ပုံများ၊ လက်ရေးမူများအားလေ့လာကြည့်ရှုကြပြီး အမှတ်တရစာအုပ်များနှင့် လွယ်အိတ်များကို အားပေးခဲ့ကြသည်။ ထို့ပြင် ည ၇ နာရီအချိန်တွင် ဆရာမကြီးလူထုဒေါ်အမာ၏ ထင်ရှားကျော်ကြားခဲ့သည့် ပြည်သူချစ်သောအနုပညာသည်များစာအုပ်ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူချစ်သောလူထုဒေါ်အမာနှင့် အနုပညာသည်များ ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မြို့မကိုရွှန်းမြိုင်ရေးသားပြီး မြို့မမောင်မယ်များ သီဆိုထားသည့် မိခင်သို့ နှစ်တစ်ရာပြည့်လွမ်းခြင်းဖြင့် အဖွင့်သီချင်းသီဆိုဖွင့်လှစ်ပြီး ပြည်သူချစ်သောအနုပညာရှင်များစာအုပ်မှ ပညာရှင်ကြီးများဖြစ်ကြသော မထွေးလေး၊ ရုပ်သေးမင်းသမီး ဆရာပုကြီး၊ မြခြေကျင်းမငွေမြိုင်၊ ကောလိပ်စိန်၊ စိန်ပေဒါ၊ နန်းတော်ရှေ့ဆရာတင်၊ လေဘာတီမမြရင်၊ မြို့မငြိမ်းတို့၏ အနုပညာရပ်များကို ဆရာဆူးငှက်က ဟောပြောကာ ငါးမည်ရတင်သိန်း၊ အကပညာရှင်ဒေါ်ခင်ဝင်းနွယ်၊ ပန်တျာငွေငွေမြင့်၊ မင်းသားအောင်၊ တွယ်တာတုံတို့က သီချင်းများဖြင့် သီဆိုသရုပ်ဖော်ကပြဖျော်ဖြေခဲ့ကြရာ မြို့မတူရိယာအသင်း၊ ရွာစားစိန်တင့်လွင်၊ တက္ကသိုလ်ခင်မြလွင်တို့ ပါဝင်တီးဆက်ခဲ့သည်။**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရွှေးကောက်ပွဲလွန်ကာလ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုများပြား မန္တလေးမြို့ဝန်းကျင် အလှမိုးပျံပူဖောင်းစီး၍ ကြည့်ရှုလေ့လာ

**မန္တလေး နိုဝင်ဘာ ၂၆**

ရွှေးကောက်ပွဲလွန်ကာလ နိုဝင်ဘာ ဒုတိယပတ်မှစတင်၍ မန္တလေးမြို့သို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ဝင်ရောက်မှုများပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင် မြို့ပြအလှလေ့လာလိုသော ကမ္ဘာလှည့်ခရီးသည်များသည် မန္တလေးချမ်းမြသာစည်လေဆိပ်မှ လွှတ်တင်သော မိုးပျံပူဖောင်းစီးနင်းကာ မန္တလေးမြို့နှင့် ဧရာဝတီမြစ်အလှ၊ စစ်ကိုင်းတောင်ရိုးနှင့် ဒုဋ္ဌဝတီမြစ် အလှများ၊ မင်းကွန်းနှင့် ရတနာပုံတံတားအလှများကို ကြည့်ရှုခံစားကြကြောင်း သိရသည်။

နိုဝင်ဘာလပွင့်လင်းရာသီတွင် မန္တလေးမြို့သို့ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုများပြားလျက်ရှိပြီး မြနန်းစံကျော်ရွှေနန်းတော်၊ ရွှေကျောင်းကြီး၊ မန္တလေးတောင်၊ ဦးပိန်တံတား၊ စစ်ကိုင်း၊ ပြင်ဦးလွင်၊ မင်းကွန်း၊ အင်းဝယဉ်ကျေးမှုဇုန်များသို့ သွားရောက်လေ့လာကြသည်။

အောက်တိုဘာလက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၊ ကုန်းလမ်း၊ ရေလမ်းဝင်ပေါက်များမှတစ်ဆင့် မန္တလေးမြို့သို့ ကမ္ဘာလှည့်ခရီးသည် ၁၈၅၀၀ ခန့် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၂၆ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၇)တွင် ပါရှိသော ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်၏ ရှင်းလင်းပြောကြားချက်သတင်းခေါင်းနှင့် စာကိုယ်တွင် ပါရှိသော Botton Up Plan အစား Bottom Up Plan ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာတည်း)**





# မြန်မာနိုင်ငံရဲ့ စတော့ရှယ်ယာဈေးကွက်ဟာ မြန်မာနိုင်ငံထက် ၁၅ နှစ်စောတဲ့ ဗီယက်နမ်စတော့ဈေးကွက်ကို သုံးနှစ်လောက်နဲ့ မီမယ်လို့ ပညာရှင်တစ်ယောက်က ခန့်မှန်းထားပါတယ် ၂၀၁၁ ခုနှစ် မတိုင်မီအထိ ပြည်ပကြွေးမြီအမေရိကန်ဒေါ်လာ ၁၁ ဘီလီယံရှိတယ်၊ ကြွေးမြီတွေကို အတိုးတွေလျှော့ပစ်ဖို့ ကြွေးမြီအသစ်ပြန်လုပ်တာကို အတိုးသက်သာဖို့ လုပ်ဆောင်ခဲ့တာကြောင့် ၁၁ ဘီလီယံကနေ ခြောက်ဘီလီယံလောက်အထိ နည်းသွားခဲ့ပါတယ်

ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)

ဒီမိုကရေစီအစိုးရတာဝန်ယူစဉ် ငါးနှစ်တာကာလအတွင်း ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ခဲ့သည့် ငွေကြေးကဏ္ဍ၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုကဏ္ဍ၊ ငွေကြေးဈေးကွက်ကဏ္ဍ၊ ငွေအရင်းအနှီးဈေးကွက်ကဏ္ဍ၊ ဘဏ္ဍာရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုအဖွဲ့အစည်းများ ဖွဲ့စည်းခြင်းကဏ္ဍများနှင့်စပ်လျဉ်း၍ မြန်မာ့သတင်းစဉ်အဖွဲ့က ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် တွေ့ဆုံမေးမြန်းခဲ့မှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်-

**မေး။ ။ဘဏ္ဍာရေးဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်ကို အကျဉ်းချုပ်ရှင်းပြပေးပါ။**

ဖြေ။ ။ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ပြုပြင်ပြောင်းလဲမှုတွေ စုစုပေါင်း (၃၈)ခုလောက်လုပ်ပါတယ်။ (၃၈)ခုထဲမှာ ဥပဒေ(၁၂)ခုလောက်ပါတယ်။ ဥပဒေကို ပြင်တာတွေ၊ ဖျက်တာတွေ၊ အသစ်ရေးတာတွေ ပေါင်းလိုက်ရင်(၁၂) ခုလောက်ရှိပါတယ်။ စုစုပေါင်း (၃၈)ခုလုပ်တယ်။

(၃၈)ခုကိုလုပ်တဲ့အခါမှာ မဏ္ဍိုင်ကြီး(၅)တိုင်ကိုချထားတယ်။ မဏ္ဍိုင်ကြီး(၅)တိုင်ဆိုတာ ဘာတွေလဲဆိုရင် ငွေရေးကြေးရေးပတ်သက်တဲ့မဏ္ဍိုင်၊ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုမဏ္ဍိုင်၊ ငွေရေးကြေးရေးဈေးကွက်တွေနဲ့ ပတ်သက်တဲ့မဏ္ဍိုင်၊ ငွေအရင်းအနှီးဈေးကွက်တွေနဲ့ ပတ်သက်တဲ့မဏ္ဍိုင်၊ ဘဏ္ဍာရေးစနစ်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထောက်အကူပြုမယ့်အဖွဲ့အစည်းတွေ ဖွဲ့စည်းခြင်းဆိုတဲ့ မဏ္ဍိုင်ကြီး(၅)တိုင်ရှိပါတယ်။

**မေး။ ။အဲဒီထဲက ငွေကြေးကဏ္ဍပြုပြင်ပြောင်းလဲမှု ဘယ်လိုလုပ်ဆောင်ခဲ့သလဲဆိုတဲ့ အခြေခံမှုကို ရှင်းပြပေးပါ။**

ဖြေ။ ။ပထမမဏ္ဍိုင်ဖြစ်တဲ့ ငွေရေးကြေးရေးနဲ့ပတ်သက်တဲ့မဏ္ဍိုင်မှာ နံပါတ်တစ်အရေးကြီးဆုံးလုပ်တာကတော့ နိုင်ငံခြားငွေလဲလှယ်နှုန်းကို တညီတညွတ်တည်းဖြစ်အောင်လုပ်တာ၊ အဲဒီမတိုင်ခင်တုန်းက အားလုံးသိတဲ့အတိုင်း တစ်ဒေါ်လာကို ခြောက်ကျပ်နှုန်းနဲ့ တရားဝင်ငွေလဲတယ်။ မှောင်ခိုဈေးကွက်ရှိနေတယ်။

အဲဒီအချက်က နိုင်ငံရဲ့စီးပွားတိုးတက်မှုမှာ အများကြီး အဟန့်အတားဖြစ်တယ်။ နောက်တစ်ခါ နိုင်ငံတကာကို မြန်မာနိုင်ငံအနေနဲ့ ပြန်ပြီးဝင်တဲ့အခါမှာလည်းပဲ အဟန့်အတားဖြစ်တဲ့အတွက် အဲဒီငွေလဲနှုန်း နှစ်မျိုး၊သုံးမျိုးဖြစ်နေတာတွေကို ပျောက်သွားပြီး ငွေလဲနှုန်းတစ်မျိုးတည်းဖြစ်အောင်လုပ်ပါတယ်။ အဲဒီလိုလုပ်ခဲ့တဲ့အခါမှာ ဘာကိုအဓိကထားလုပ်လဲဆိုတော့ ငွေလဲလှယ်နှုန်းကိုမျှောလိုက်တယ်။ ဈေးကွက်ရဲ့ နှုန်းထားအတိုင်း အတက်အကျတွေရှိမယ်။ ဝင်ပြီးတော့ချုပ်ကိုင်တာမျိုးမလုပ်တော့ဘူး။ နံပါတ်တစ်လုပ်တာပါ။ နံပါတ်နှစ် လုပ်တာကတော့ ၂၀၁၂ မတိုင်ခင်တုန်းက မြန်မာနိုင်ငံမှာ FEC ဆိုတဲ့ ငွေကြေးတစ်မျိုး ရှိနေတယ်။ နိုင်ငံတကာဈေးကွက်နဲ့ နိုင်ငံတကာ မိသားစုဆီကိုဝင်တဲ့အခါမှာ ဒါတွေက အဟန့်အတားဖြစ်တဲ့အတွက် အဲဒီ FEC ကိုလုံးဝဖျောက်ပစ်လိုက်တယ်။

နောက်တစ်ခါ ငွေကြေးကိစ္စတွေမှာ ပြေလည်အောင် ဆိုပြီးတော့ နိုင်ငံတကာမှာကတော့ ပလတ်စတစ်ကတ်လို့ခေါ်တဲ့ ကတ်ပြားတွေသုံးကြပြီးတော့ ငွေပေးငွေယူကိစ္စတွေလုပ်ကြတယ်။ မြန်မာနိုင်ငံမှာလည်း အဲဒီလိုလုပ်နိုင်အောင် (MPU)ခေါ်တဲ့ Myanmar payment Union ဆိုတာကိုထူထောင်တယ်။ ဒါကြောင့်မို့ ခုဆိုရင် ပင်စင်ထုတ်ရင်လည်း ပင်စင်ကတ်နဲ့ ထုတ်လို့ရတယ်။ ATM တွေမှာလည်း ပလတ်စတစ်ကတ်တွေနဲ့ ငွေထုတ်လို့ရတယ်ဆိုတဲ့ ကိစ္စတွေဟာ အဲဒါကို အခြေခံပြီးတော့လုပ်လိုက်တာပါ။

**မေး။ ။ပြည်တွင်းက ရင်းနှီးမြှုပ်နှံသူတွေအတွက် ငွေကြေးဈေးကွက်ဖော်ဆောင်မှု အခြေအနေကို သိပါရစေ။**

ဖြေ။ ။တတိယမဏ္ဍိုင်ဖြစ်တဲ့ ငွေရေးကြေးရေးဈေးကွက်တွေကို ပြောရမယ်ဆိုရင် အရင်တုန်းက ငွေရေးကြေးရေးဈေးကွက်ဆိုတာ မရှိခဲ့ပါဘူး။ နိုင်ငံခြားငွေဈေးကွက်ကိုဖန်တီးပေးလိုက်ပါတယ်။ နိုင်ငံခြားငွေတရားဝင်ဈေးကွက်လည်းပေါ်လာပြီး Foreign Exchanger တွေနဲ့ လုပ်ကိုင်နေကြပြီဖြစ်ပါတယ်။

နောက်ဈေးကွက်တစ်ခုက အာမခံဈေးကွက်ကို ဖန်တီးပေးတယ်။ ၂၀၁၂ ခုနှစ် မတိုင်ခင်က အာမခံလုပ်ငန်းက နိုင်ငံတော်ပိုင်တဲ့ အာမခံကုမ္ပဏီတစ်ခုတည်းပဲရှိပါတယ်။ Market Economic ကို ပြောင်းပြီး ကျင့်သုံးလာတဲ့အချိန်မှာ အာမခံကုမ္ပဏီ များများလိုအပ်လာပါတယ်။ ဘာကြောင့်လည်းဆိုတော့ အာမခံမရှိလို့ရှိရင် စီးပွားရေးလုပ်ငန်းတွေ မဖွံ့ဖြိုးမတိုးတက်နိုင်ပါဘူး။ ရေကြီးတယ်။ မီးလောင်တယ်ဆိုရင် ဒါတွေကို လျော်ကြေးပေးတဲ့ လုပ်ငန်းက ရှိကိုရှိမှရမှာဖြစ်ပါတယ်။

အဲဒီလို အာမခံလုပ်ငန်းရဲ့ လိုအပ်ချက်ကဏ္ဍက ကြီးမားလာတဲ့အတွက်ကြောင့် အာမခံကုမ္ပဏီတွေ များများပေါ်လာအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီလို ပေါ်ထွက်လာအောင် ဆောင်ရွက်တဲ့အခါမှာ နိုင်ငံတကာမူတွေနဲ့ စနစ်တကျဆောင်ရွက်လိုက်တဲ့အခါမှာ အာမခံဈေးကွက်ဆိုပြီး ပေါ်လာပြီဖြစ်ပါတယ်။ အခုမြန်မာနိုင်ငံမှာရှိနေတဲ့ အာမခံဈေးကွက်မှာ အာမခံကုမ္ပဏီပေါင်း ၁၂ ခုရှိပါတယ်။ အဲဒီ ၁၂ ခုမှာ နိုင်ငံပိုင်က တစ်ခုဖြစ်ပြီး ကျန် ၁၁ ခုက ပုဂ္ဂလိကပိုင်တွေ ဖြစ်ပါတယ်။

ငွေရေးကြေးရေးနဲ့ပတ်သက်တဲ့ နောက်ဈေးကွက်တစ်ခုက Microfinance အသေးစားချေးငွေလုပ်ငန်းဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် မတိုင်မီက မြန်မာနိုင်ငံမှာ စနစ်ကျနတဲ့ Microfinance ဈေးကွက်က မရှိသေးပါဘူး။ အသေးစားချေးငွေဆိုတာ ဆင်းရဲမွဲတွေမှုတိုက်ဖျက်ရေးမှာ အင်မတန်ထိရောက်ပါတယ်။ ဆင်းရဲမွဲတေမှုလျော့နည်းသွားအောင် ဆောင်ရွက်တဲ့အခါမှာ အသေးစားချေးငွေက အင်မတန်ထိရောက်တဲ့ လက်နက်ကြီးတစ်ခုပါပဲ။

အဲဒီတော့ အသေးစားချေးငွေကိုလည်း ဈေးကွက်ကြီးတစ်ခုအဖြစ် ဖန်တီးပေးဖို့ လိုတဲ့အတွက်ကြောင့် လိုအပ်တဲ့ဥပဒေတွေ ရေးဆွဲတယ်။ အဖွဲ့အစည်းတွေဖွဲ့တယ်။ ပြီးတော့ အသေးစားချေးငွေလိုင်စင်တွေကို ပုဂ္ဂလိကတွေကို ထုတ်ပေးလိုက်ပါတယ်။ အခုဆိုရင် လိုင်စင်ပေါင်း ၂၀၀ ကျော်သွားပါပြီ။ ဒီ ၂၀၀ ကျော်တဲ့ Microfinance အသေးစားချေးငွေ အဖွဲ့အစည်းတွေဟာ မြန်မာနိုင်ငံရဲ့ တစ်နံတစ်လျားမှာ အသေးစားချေးငွေတွေနဲ့ လက်လုပ်လက်စားလုပ်ကိုင်သူတွေရဲ့ ဘဝမြှင့်တင်ရေးအတွက် သူတို့လုပ်ဆောင်ပေးနေပါပြီ။ အခုဆို နိုင်ငံခြားငွေဈေးကွက်၊ အာမခံဈေးကွက်၊ အသေးစားချေးငွေဈေးကွက်တွေ ပေါ်လာပြီဆိုတော့ ဒါဟာ အင်မတန်ကောင်းတဲ့အနေအထားဖြစ်ပါတယ်။

**မေး။ ။စတော့အိတ်ချိန်းနဲ့ပတ်သက်လို့ လူတွေစိတ်ဝင်စားမှု အလွန်များနေပါတယ်။ စတော့အိတ်ချိန်းဈေးကွက်ဖော်ဆောင်မှုအခြေအနေ ဘယ်လောက်အထိ ရောက်နေပြီလဲဆိုတာ သိပါရစေ။**

ဖြေ။ ။စတုတ္ထမဏ္ဍိုင်ကတော့ Capital Market ငွေအရင်းအနှီးဈေးကွက်ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်နောက်ပိုင်းမှာ ငွေအရင်းအနှီးဈေးကွက်ကို ဖန်တီးခဲ့ပါတယ်။ ငွေအရင်းအနှီးဈေးကွက်ထဲမှာ အဓိကကျတာ စတော့အိတ်ချိန်းပါ။ ကုမ္ပဏီတွေအနေနဲ့ ငွေလိုတဲ့အခါ ဘဏ်ကနေ ငွေသွားချေးရတဲ့အခါ စရိတ်ကြီးပြီး အတိုးတွေပေးရပါတယ်။ လိုအပ်တဲ့ငွေကို ရှယ်ယာတွေထုတ်ရောင်းခြင်းနဲ့ ငွေဖော်လိုက်နိုင်ရင် ဈေးသက်သာမှာဖြစ်ပါတယ်။ ငွေပိုငွေလျှံတွေကို အရင်းအနှီးလုပ်ချင်တဲ့သူတွေအနေနဲ့ ရင်းနှီးလို့ရတဲ့နေရာလည်း ပေါ်လာမှာဖြစ်ပါတယ်။

ဒါကြောင့် ၂၀၁၂ ခုနှစ်ကနေပြီး စတော့အိတ်ချိန်းထူထောင်ဖို့ စတင်ကြိုးပမ်းခဲ့ပါတယ်။ လိုအပ်တဲ့ ဥပဒေရေးဆွဲတယ်။ အဖွဲ့တွေဖွဲ့တယ်။ စတော့အိတ်ချိန်းထူထောင်မယ့်နေရာရွေးချယ်ပြီး ရုပ်ပိုင်းဆိုင်ရာပြုပြင်မွမ်းမံမှုတွေလုပ်ထားပြီးပါပြီ။ ရှေ့လ ဒီဇင်ဘာ ၉ ရက်မှာ မြန်မာနိုင်ငံရဲ့ ပထမဦးဆုံး စတော့အိတ်ချိန်းကို ဖွင့်လှစ်နိုင်တော့မှာဖြစ်ပါတယ်။

ဖွင့်မယ့်နေ့မှာ ရှယ်ယာထုတ်ရောင်းခွင့်ရမယ့်ကုမ္ပဏီတွေရဲ့စာရင်းကို ကြေညာမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အကောင်းဆုံးသော ကုမ္ပဏီတွေကို ရွေးချယ်ထားတဲ့ ကုမ္ပဏီစာရင်းက လောလောဆယ် ငါးခုရှိပါတယ်။ နောက်ထပ်တိုးဖို့လည်း ရှိနိုင်ပါတယ်။ ဒီကုမ္ပဏီတွေအားလုံးက တစ်ပြိုင်နက်တည်း ရှယ်ယာတွေကို ထုတ်ရောင်းဖို့တော့ မဖြစ်နိုင်ပါဘူး။ ကုမ္ပဏီအားလုံးက ရှယ်ယာတွေထုတ်ရောင်းလိုက်ရင် ဝယ်သူတွေက ဇဝေဇဝါဖြစ်သွားနိုင်ပါတယ်။

ကမ္ဘာပေါ်မှာအကြီးဆုံးဖြစ်တဲ့ နယူးယောက်အိတ်ချိန်းမှာဆိုရင် ရှယ်ယာထုတ်ရောင်းတာကို တစ်ချိန်မှာကုမ္ပဏီတစ်ခုကိုပဲ ခွင့်ပြုပါတယ်။ ဥပမာကုမ္ပဏီငါးခုကို ရွေးထားတယ်ဆိုပေမယ့်လည်း အားလုံးကို တစ်ခါတည်း ရှယ်ယာထုတ်ရောင်းခွင့်ပြုလိုက်မယ်ဆိုရင် ဈေးကွက်က ရှုပ်ယှက်ခတ်သွားမယ့်အနေအထားရှိလို့ သူတို့ရှယ်ယာထုတ်ရောင်းမယ်နေ့တွေကိုပါ တစ်ခါတည်းကြေညာလိုက်မှာဖြစ်ပါတယ်။ ကုမ္ပဏီ A က ဇန်နဝါရီထုတ်ရောင်းမယ်ဆိုရင် ကုမ္ပဏီ B က ဖေဖော်ဝါရီမှာ ထုတ်ရောင်းမယ်ဆိုပြီး အချိန်ဇယားပါ တစ်ခါတည်း ကြေညာပေးလိုက်မှာဖြစ်ပါတယ်။ ကုမ္ပဏီတွေကို ရွေးချယ်တဲ့အခါမှာလည်း သူတို့ရဲ့နောက်ခံအခြေအနေကို သေချာကြည့်ပြီး ရွေးချယ်တယ်။ ပြီးတော့ လုပ်ငန်းမျိုးစုံပါဝင်အောင် အတတ်နိုင်ဆုံး ရွေးထားပါတယ်။

မြန်မာနိုင်ငံရဲ့စီးပွားရေးအလားအလာနဲ့ ချိန်ဆတွက်တဲ့အခါမှာ မြန်မာနိုင်ငံရဲ့ စတော့ရှယ်ယာဈေးကွက်ဟာ ပညာရှင်တစ်ယောက်ရဲ့ ခန့်မှန်းချက်အရဆိုလျှင် မြန်မာနိုင်ငံထက် ၁၅ နှစ်စောတဲ့ ဗီယက်နမ်စတော့ဈေးကွက်ကို သုံးနှစ်လောက်နဲ့ မီမယ်လို့ပြောပါတယ်။ စတော့အိတ်ချိန်းတစ်ခု ကမ္ဘာမှာကြီးထွားလာဖို့ဆိုတာ နှစ်ရာနဲ့ချီကြာတတ်ပါတယ်။ ကမ္ဘာပေါ်မှာ အအောင်မြင်ဆုံးဆိုတဲ့ နယူးယောက်စတော့အိတ်ချိန်းဟာ နှစ် ၂၀၀ ကျော်ရှိသွားပြီဖြစ်ပါတယ်။ မျိုးဆက်တစ်ခုနဲ့တစ်ခု ဆက်လက်လုပ်ဆောင်သွားရမယ့်အပိုင်းတွေပါ။

ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်တာနဲ့ပတ်သက်ပြီး ပြည်တွင်းမှာဖြစ်နေတဲ့ ဒေါ်လာဈေးအတက်အကျက သိပ်ပြီးတော့ ဆက်စပ်မှုမရှိလောက်ပါဘူး။ စဖွင့်ဖွင့်ချင်းမှာ မြန်မာငွေနဲ့ပဲလုပ်မှာဖြစ်ပါတယ်။ နိုင်ငံခြားသားတွေကို ရင်းနှီးမြှုပ်နှံမှုမပေးသေးဘူးဆိုတော့ မြန်မာပြည်ကို ဒေါ်လာတွေ ဝင်လာတာတွေ၊ ဒေါ်လာတွေပြန်ထွက်သွားတာတွေ၊ စီးဝင်မှုတွေ၊ စီးထွက်မှုတွေ



လောလောဆယ်တော့ မရှိနိုင်သေးပါဘူး။

စတော့အိတ်ချိန်းမှာ ရှယ်ယာတွေထုတ်ရောင်းတဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကိုတော့ ၂၀၁၆ လဆန်းပိုင်းလောက်ကျရင် လုပ်နိုင်သွားပါပြီ။ ငွေချေးစာချုပ်တွေ ဈေးကွက်ကို ယခုထက်ချဲ့ထွင်ဖို့ လုပ်နေပါပြီ။ နောက်ပိုင်းမှာတော့ စတော့အိတ်ချိန်းမှာ ဒီလက်မှတ်တွေကို ရောင်းတာဝယ်တာတွေ တဖြည်းဖြည်း လုပ်ဆောင်သွားမယ့်အနေအထားရှိပါတယ်။

**မေး။ ။စတော့အိတ်ချိန်းမှာဝင်ပါဖို့ဆိုပြီး အရင်းထည့်ခိုင်းတယ်။ နောက်တော့ ထွက်ပြေးသွားတဲ့ဖြစ်စဉ်တွေလည်း ကြားနေရပါတယ်။ ဒီတော့ တရားမဝင် စတော့အိတ်ချိန်းရှယ်ယာ အရောင်းအဝယ်တွေကို ဘယ်လိုတားဆီးနိုင်မလဲဆိုတာ သိပါရစေ။**

ဖြေ။ ။တရားမဝင် စတော့အိတ်ချိန်းသင်တန်းတွေ ရန်ကုန်နဲ့ မန္တလေးမှာ ဖွင့်နေကြတယ်ကြားတယ်။ အဲဒါတွေက ကျွန်တော်တို့ အသိအမှတ်ပြုပြီးဖွင့်တာ မဟုတ်ပါဘူး။ နောက်ပိုင်းမှာတော့ ခွင့်ပြုဖို့အလားအလာရှိပါတယ်။ များသောအားဖြင့်က နိုင်ငံခြားပြန် မြန်မာတွေနဲ့ နိုင်ငံခြားကုမ္ပဏီတွေ ပေါင်းပြီးတော့ သင်တန်းဖွင့်ကြတာဖြစ်ပါတယ်။ ပြီးတော့မှ နိုင်ငံခြားမှာ စတော့အိတ်ချိန်းရှယ်ယာဝင်တာကိုကူညီမယ်၊ ရွှေဈေးကွက်မှာ ကစားနိုင်အောင် ကူညီမယ်၊ ရေနံဈေးကွက်မှာ ကစားနိုင်အောင်ကူညီမယ်ဆိုပြီး အကောင့်ဖွင့်ပါဆိုတဲ့ဟာတွေ လုပ်နေကြတယ်။ သူတို့က အခု facebook မှာဆို အုပ်စုလေးတစ်စုတောင် ဖွဲ့ထားတယ်။ ဒီကနေ စတင်လှုံ့ဆော်တာတွေရှိတယ်။ ဒါတွေက အင်မတန်အန္တရာယ်ကြီးပါတယ်။ သွားပြီးတော့ မစမ်းကြဖို့လို့တယ်။ သူတို့သင်ပေးမယ့် ပညာဆိုတာ ကျွန်တော်တို့ရဲ့ဆန်းစစ်ချက်ကို မခံနိုင်ဘူး။ ဥပမာ လွန်ခဲ့တဲ့လက ကြော်ငြာတစ်ခုတွေ့တယ်။ မန္တလေး၊ ရန်ကုန်မြို့ကြီးတွေမှာ အဲဒီ စတော့အိတ်ချိန်းနဲ့ပတ်သက်တဲ့ သင်တန်းပေးမယ်ဆိုပြီး ကြော်ငြာတယ်။ ကျွန်တော်တို့က လူကိုယ်တိုင်ရော စာနဲ့ပါ အဲဒီက သင်တန်းတာဝန်ခံကိုလာခဲ့ပါ။ မေးကြည့်ချင်လို့ပါ ဆိုပြီးတော့ပြောတယ်။ တစ်ခါတည်း ခေါ်လို့မရတော့ဘူး။ ဒါကို ကြည့်ခြင်းအားဖြင့် ယုံကြည်မှုမရှိနိုင်ဘူးဆိုတာ ပေါ်လွင်နေတယ်။ ကျွန်တော်တို့က ရိုးရိုးတန်းတန်းသိချင်တာ၊ ဘာကြောင့်လဲဆိုတော့ ပညာသင်တယ်ဆိုတာ တတ်ယောင်ကားတွေ သွားသင်ရင် အသင်ခံရတဲ့သူပါ အဆိပ်သင့်သွားနိုင်တယ်၊ ဦးနှောက်ပါ အဆိပ်သင့်သွားနိုင်တဲ့အတွက်ကြောင့်ပါ။ ကျွန်တော်တို့က စနစ်တကျကျွမ်းကျင်တဲ့သူတွေနဲ့ပဲ သင်စေချင်တာ၊ နောက်ပိုင်းတော့ အမှန်တကယ်သင်မယ့်သူတွေစာရင်းကို စိစစ်နေပါတယ်။ မကြာခင်ထုတ်ပြန်ပေးမှာပါ။ သို့သော်လည်း ပြည်သူတွေကို မေတ္တာရပ်ခံချင်တာက သိပ်ပြီးတော့မလောကြဖို့မှာချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အလိမ်ခံရမယ့် အန္တရာယ်ရှိပါတယ်။ ပြည်သူတွေအနေနဲ့ ကိုယ်မသိတဲ့လုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံမယ်ဆိုရင်၊ အထူးသဖြင့် စတော့အိတ်ချိန်းနဲ့ ပတ်သက်ပြီးတော့ အယုံမလွယ်ဖို့လိုတယ်။ တကယ်လို့ သံသယရှိတယ်ဆိုရင် ကျွန်တော်တို့ စတော့အိတ်ချိန်းကြီးကြပ်ရေးအဖွဲ့ SECM ကိုဖြစ်ဖြစ်၊ ဘဏ္ဍာရေးဝန်ကြီးဌာနကိုဖြစ်ဖြစ် နီးစပ်ရာကို တိုင်ပင်ပါ။ စတော့အိတ်ချိန်းနဲ့ပတ်သက်လို့ SECM ကို အချိန်မရွေးမေးလို့ရပါတယ်။ ကျွန်တော်တို့ကတော့ အဓိကအကြံပေးတာ၊ consulting လုပ်ပေးတာပါ။

**မေး။ ။မြန်မာနိုင်ငံရဲ့ ပြည်ပကြွေးမြီအခြေအနေနဲ့ပတ်သက်ပြီး သိလိုပါတယ်။**

ဖြေ။ ။ပြည်ပကြွေးမြီနဲ့ပတ်သက်လို့ ၂၀၁၁ ခုနှစ် မတိုင်မီအထိ အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံရှိတယ်။ နိုင်ငံတကာမိသားစု စီးပွားရေးအသိုင်းအဝိုင်းထဲကို ဝင်လာတဲ့အခါမှာ ကြွေးမြီတွေကို အတိုးတွေလျှော့ပစ်ဖို့၊ ကြွေးမြီအသစ် ပြန်လုပ်တာတွေလို အတိုးသက်သာဖို့ သက်ဆိုင်ရာ Paris Club လို အဖွဲ့တွေနဲ့ ဆွေးနွေးတာတွေလုပ်ခဲ့ကြပါတယ်။ ၁၁ ဘီလီယံကနေ ခြောက်ဘီလီလောက်အထိ နည်းသွားခဲ့ပါတယ်။

ကျေးဇူးတင်ပါတယ်။

# ကုလသမဂ္ဂရာသီဥတုဆိုင်ရာ ညီလာခံကာလတွင် ရဲတပ်ဖွဲ့ဝင် ၁၁၀၀၀ခန့် လုံခြုံရေးတာဝန်ယူမည်

**ပါရီ နိုဝင်ဘာ ၂၆**

ပြင်သစ်နိုင်ငံ မြို့တော်ပါရီ၌ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကုလသမဂ္ဂညီလာခံသို့ ကမ္ဘာ့ခေါင်းဆောင် ၁၄၇ ဦး တက်ရောက်ရန် စီစဉ်ထားပြီး ထိပ်သီးညီလာခံ လုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင် ၁၁၀၀၀ တို့က လုံခြုံရေးစောင့်ကြပ်ပေးမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးက နိုဝင်ဘာ ၂၆ရက်တွင် ပြောကြားသည်။

မြို့တော်ပါရီ၌ သေဆုံးထိခိုက်မှုကြီးမားလှသောအကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ရက်သတ္တနှစ်ပတ်ကျော်မျှသာကြာမြင့်သေးချိန်တွင် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ညီလာခံကို ကျင်းပမည်ဖြစ်သည်။

ရဲတပ်ဖွဲ့ဝင်၈၀၀၀နှင့် လက်နက်ကိုင်ရဲတပ်ဖွဲ့ဝင်များကို နယ်စပ်ဒေသ၌ စစ်ဆေးမှုများတိုးမြှင့်လုပ်နိုင်ရန် တာဝန်ချထားကြောင်း၊ ညီလာခံကျင်းပမည့် ပါရီမြို့မြောက်ပိုင်း၌ ရဲတပ်ဖွဲ့ဝင် ၂၈၀၀ ကို ဖြန့်ကြက်မည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဘားနတ်ကာဇန်နူက ပြောကြားသည်။

နိုဝင်ဘာ ၁၃ရက်က မြို့တော်ပါရီ၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ပြင်သစ်နိုင်ငံတစ်ဝန်း၌ ရဲတပ်ဖွဲ့နှင့် ကြည်းတပ်တပ်ဖွဲ့ဝင်၁၂၀၀၀၀ကို ဖြန့်ကြက်ထားပြီးဖြစ်ကြောင်း ၎င်းကပြောကြားသည်။



မြို့တော်ပါရီ၌ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီးနောက် အရေးပေါ်အခြေအနေကို ထုတ်ပြန်ကြေညာခဲ့ပြီး ဖေဖော်ဝါရီလအထိ အရေးပေါ်အခြေအနေအာဏာသက်ဝင်မည်ဖြစ်သည်။

ကုလသမဂ္ဂရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ညီလာခံသို့ ကမ္ဘာ့ခေါင်းဆောင်စုစုပေါင်း ၁၄၇ ဦးအထိ တက်ရောက်မည်ဖြစ်သည်။ မြို့တော်ပါရီသို့ ဝင်ရောက်နိုင်သော အဓိကလမ်းမကြီးနှစ်ခုကို ယခုလကုန်တွင် ပိတ်ထားရန်နှင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးယာဉ်များကို အခမဲ့ပြေးဆွဲပေးရန် အာဏာပိုင်များက စီစဉ်ထားသည်။

**ရိုက်တာ။**

## အက်စ်-၄၀၀ လေယာဉ်ပစ်ဒုံးကျည်များ ဆီးရီးယားတွင် ရုရှားဖြန့်ကြက်

**မော်စကို နိုဝင်ဘာ ၂၆**

ရုရှားနိုင်ငံက နောက်ဆုံးပေါ်ခေတ်မီလက်နက်ဖြစ်သည့် အက်စ်-၄၀၀ ဒုံးကျည်များကို ရုရှားလေတပ်စစ်ဆင်ရေးပြုလုပ်နေသည့် ဆီးရီးယားနိုင်ငံရှိ ဟဲမီမင်လေတပ်အခြေစိုက်စခန်းတွင် ဖြန့်ကြက်ချထားလိုက်ပြီဖြစ်ကြောင်း အာရ်အိုင်အေနိုဗိုစတီသတင်းအေဂျင်စီက နိုဝင်ဘာ ၂၆ ရက်တွင် ထုတ်ပြန်ကြေညာသည်။

တူရကီနိုင်ငံက ရုရှားတိုက်လေယာဉ် အက်စ်ယူ-၂၄ ကို နိုဝင်ဘာ ၂၄ ရက်တွင် ပစ်ချပြီးနောက်ပိုင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က လေကြောင်းရန်ကာကွယ်ရေး တိုးမြှင့်ချထားရန် အမိန့်ပေးခဲ့ခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂျီရွိုင်ဂူက နိုဝင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။ တူရကီက ရုရှားလေယာဉ်ပစ်ချမှုသည် နှစ်နိုင်ငံဆက်ဆံရေးကို အကြီးအကျယ်ထိခိုက်စေကြောင်း ရုရှားနိုင်ငံက ပြောကြားသည်။

အက်စ်-၄၀၀ လေယာဉ်ပစ်ဒုံးကျည်စနစ်သည် ကီလိုမီတာ ၄၀၀ အကွာအဝေးရှိ ပျံသန်းနေသော လေယာဉ်ကိုထိမှန်အောင် ပစ်ခတ်နိုင်စွမ်းရှိပြီး တာဝေးနှင့် တာလတ်ပစ် ဒုံးကျည်အမျိုးအစားဖြစ်သည်။

**ဆင်ဟွာ။**

## ရုရှားနိုင်ငံတွင် Mi-8 ရဟတ်ယာဉ်တစ်စင်းပျက်ကျ၊ လူ ၁၅ ဦး သေဆုံး

မော်စကို နိုဝင်ဘာ ၂၆

ရုရှားနိုင်ငံ ကရာစ်နိုယတ်ခ်နယ်မြေ၌ Mi-8 ရဟတ်ယာဉ်တစ်စင်း နိုဝင်ဘာ ၂၆ ရက်က ပျက်ကျရာ ရဟတ်ယာဉ်ပေါ်ပါ လူ ၁၅ ဦး သေဆုံးသွားကြောင်း သိရသည်။

ရဟတ်ယာဉ်ပေါ်၌ အမှုထမ်းသုံးဦးနှင့် ရုရှားနိုင်ငံပိုင် ရေနံကုမ္ပဏီ ရော့စ်နက်မှ ဝန်ထမ်းများနှင့် ခရီးသည် ၂၂ ဦးအပါအဝင် စုစုပေါင်း လူ ၂၅ ဦးပါရှိကြောင်း ရုရှားကယ်ဆယ်ရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။ အသက်ရှင်ကျန်ရစ်သူ ၁၀ ဦး ကို ဆေးရုံတင်ထားကြောင်း အနောက်ဆိုက်ဘေးရီးယား ပို့ဆောင်ရေးဆိုင်ရာ အစိုးရရှေ့နေရုံး ပြောရေးဆိုခွင့်ရအမျိုးသမီး၏ပြောကြားချက်ကို ကိုးကား၍ အင်တာဖက်စ်သတင်းဌာနက ပြောကြားခဲ့သည်။

အဆိုပါရဟတ်ယာဉ်မှာ ဒေသတွင်းရှိ ရေနံမြေတစ်ခုသို့သွားရောက်စဉ် အိုင်ဂါကာ လေဆိပ်အနီး ပျက်ကျခဲ့ခြင်းဖြစ်ကာ ယန်နီဆေးမြစ်၏ ညာဘက်မြစ်ကမ်းပါးပေါ်၌ ရဟတ်ယာဉ်ပျက်ကို တွေ့ရှိခဲ့ကြောင်း ရုရှားစုံစမ်းစစ်ဆေးရေးကော်မတီ၏ ထုတ်ပြန်ချက်တစ်ခုက ဆိုသည်။ ရဟတ်ယာဉ်ပျက်ကျမှု၏ ဖြစ်စဉ်အမှန်ကို မသိရသေးပေ။ ရဟတ်ယာဉ်ပျက်ကျမှုမှာ စက်ချွတ်ယွင်းမှုကြောင့် ပျက်ကျခြင်းဖြစ်နိုင်ကြောင်း အရေးပေါ်ကယ်ဆယ်ရေးဌာနမှ အမည်မဖော်လိုသည့် သတင်းရပ်ကွက်တစ်ခုအားကိုးကား၍ အင်တာဖက်စ်သတင်းဌာနက ပြောကြားခဲ့ကြောင်းသိရသည်။ **ဆင်ဟွာ။**



## ကမ္ဘောဒီးယားနိုင်ငံတွင် နျူကလီးယားစက်ရုံတည်ဆောက်ရေး ရုရှားနိုင်ငံက ထောက်ပံ့ပေးမည်

**ဖနွမ်းပင် နိုဝင်ဘာ ၂၆**

ယခုရက်သတ္တပတ်အတွင်း ရုရှားနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ချုပ်ဆိုခဲ့သော သဘောတူညီမှုတစ်ရပ်အရ ကမ္ဘောဒီးယားနိုင်ငံ၏ နျူကလီးယားစက်ရုံ တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် ရုရှားနိုင်ငံက ကူညီထောက်ပံ့မှုများပေးမည်ဟု ရုရှားနျူကလီးယားလုပ်ငန်း 'ရိုစတမ်'၏ အကြီးအကဲ ဆာဂျီရီ ကီရီရန်ကိုက ဆိုသည်။

ကမ္ဘောဒီးယားနိုင်ငံသည် လျှပ်စစ်စွမ်းအင်နှင့်လောင်စာဆီကို ပြည်ပမှ တင်သွင်းရသည်။ လျှပ်စစ်စွမ်းအင်သည် အရှေ့တောင်အာရှနိုင်ငံများတွင် ဈေးအကြီးဆုံးဖြစ်သည့်အပြင် နိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံကြသည့် ကုမ္ပဏီများအနေဖြင့် ယင်းလျှပ်စစ်မီးရရှိမှုနှင့် ပတ်သတ်ပြီး အလိုမကျသည့် အချက်တစ်ခုလည်းဖြစ်သည်။ ကမ္ဘောဒီးယား စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ယခုချုပ်ဆိုခဲ့သည့် နှစ်နိုင်ငံသဘောတူစာချုပ်နှင့် ပတ်သတ်ပြီး သဘောထားမှတ်ချက် ပေးရန် ငြင်းပယ်ခဲ့သည်။

ယခုရက်သတ္တပတ်အတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ ရုရှားဝန်ကြီးချုပ်မက်ဗီဒက် လာရောက်ခဲ့သည့် အချိန်တွင် အဆိုပါသဘောတူညီမှုစာချုပ်ကို ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ စာချုပ်အရ ရုရှားနိုင်ငံက သုတေသနလုပ်ငန်းများ၊ လေ့ကျင့်ပေးမှုများနှင့် နျူကလီးယားကျွမ်းကျင်ပညာရှင်များ ထောက်ပံ့ပေးမည်ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံတွင် နျူကလီးယားစက်ရုံတည်ဆောက်မှုမစတင်မီ သုတေသနဓာတ်ပေါင်းဖိုတစ်ခုနှင့် သုတေသနစင်တာတစ်ခုကို ကနဦးအနေဖြင့် တည်ဆောက်ရမည်ဖြစ်ကြောင်း ဆာဂျီရီ ကီရီရန်ကိုက ဆိုသည်။

ရုရှားနိုင်ငံက ဘိုလီးဗီးယားနိုင်ငံနှင့်လည်း ယင်းကဲ့သို့ နျူကလီးယားစက်ရုံတည်ဆောက်ရေး သဘောတူညီမှုတစ်ရပ် ချုပ်ဆိုထားကြောင်း သိရသည်။ စီးပွားရေးလုပ်ငန်းအားလုံးသည် အဓိကအားဖြင့် စွမ်းအင်ပေါ်တွင် မှီခိုနေကြသည်ဟု ရုရှားနျူကလီးယားလုပ်ငန်း 'ရိုစတမ်' အကြီးအကဲ ဆာဂျီရီ ကီရီရန်ကိုက ဆိုသည်။

**ရိုက်တာ။**

## တောင်နှင့်မြောက် ကိုရီးယားတာဝန်ရှိသူများ ပန်မွန်ဂျုံကျေးရွာ၌ တွေ့ဆုံဆွေးနွေး

**ဆိုးလ် နိုဝင်ဘာ ၂၆**

တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံမှ တာဝန်ရှိသူများသည် ဩဂုတ်လက စစ်ရေးတင်းမာမှု အဆုံးသတ်ခဲ့ပြီးနောက် တင်းမာမှုများ ထပ်မံလျှော့ချနိုင်ရန် ရည်ရွယ်လျက် နိုဝင်ဘာ ၂၆ရက်ကတွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ငါးနှစ်တာမျှ ရပ်ဆိုင်းနေခဲ့သော နှစ်နိုင်ငံဆွေးနွေးပွဲကို ပြန်လည်ကျင်းပနိုင်ရန် ကြိုးပမ်းချက်တစ်ရပ်အဖြစ် တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံမှ တာဝန်ရှိသူများသည် နယ်စပ်ရှိ အပစ်အခတ်ရပ်စဲရေးကျေးရွာဖြစ်သော ပန်မွန်ဂျုံ၌ တွေ့ဆုံခဲ့ကြသည်။

ကိုရီးယားနှစ်နိုင်ငံနယ်စပ်အနီး၌ မြေမြှုပ်မိုင်းဗုံးထောင်တိုက်ခိုက်မှုကြောင့် တောင်ကိုရီးယားစစ်သည်နှစ်ဦးဒဏ်ရာရရှိခဲ့ရခြင်းအတွက် မိမိတို့ဝမ်းနည်းမိသည်ဟု မြောက်ကိုရီးယားနိုင်ငံက တောင်းပန်ခဲ့ပြီးနောက် စစ်ရေးတင်းမာမှုများအဆုံးသတ်ခဲ့သည်။

ဩဂုတ် ၂၅ရက်တွင် ရရှိခဲ့သော ဘဘောတူညီချက်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရန် မိမိတို့ အတတ်နိုင်ဆုံးကြိုးပမ်းမည်ဟု တောင်ကိုရီးယား ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ကင်ကီဝမ်းက ဆိုးလ်မြို့၌ သတင်းထောက်များအား ပြောကြားသည်။

**ရိုက်တာ။**

## အရှေ့တရုတ်ပင်လယ်တွင်းရှိ အငြင်းပွားကျွန်းများအနီး ဂျပန်တပ်ဖွဲ့ဝင်များ တိုးမြှင့်ဖြန့်ကြက်မည်

**တိုကျို နိုဝင်ဘာ ၂၆**

ဂျပန်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် နိုင်ငံတောင်ပိုင်းရှိ ကျွန်းတစ်ကျွန်းမှ မြို့တော်ဝန်နှင့် နိုဝင်ဘာ ၂၆ရက်တွင် တွေ့ဆုံကာ အရှေ့တရုတ်ပင်လယ်အတွင်းရှိပိုင်ဆိုင်မှုအငြင်းပွားနေသောကျွန်းများအနီးရှိကျွန်းများအပါအဝင်ဒေသတွင်း၌ ခုခံကာကွယ်ရေးအစီအစဉ် တိုးမြှင့်ရေးအတွက် ဂျပန်တပ်ဖွဲ့ဝင်ရာပေါင်းများစွာကို ဖြန့်ကြက်သွားရန် ဆွေးနွေးခဲ့ကြောင်း နိုဝင်ဘာ ၂၆ရက် ဒေသဆိုင်ရာသတင်းများ၌ ဖော်ပြသည်။

၂၀၁၉ခုနှစ်မှစတင်၍ ကြည်းတပ်တပ်ဖွဲ့ဝင်ဦးရေ ၅၀၀ ခန့်အား ဖြန့်ချရေးအစီအစဉ်ကို အစ်ရှီဂါကီကျွန်းမှ မြို့တော်ဝန်ရိုရှီတာကာနာကာယာမအား ရှင်းလင်းပြောကြားခဲ့သည်ဟု ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနတာဝန်ရှိသူများက ပြောကြားကြသည်။

ဖြန့်ကြက်ချထားမည့် ဂျပန်မြေပြင်တပ်ဖွဲ့ဝင်များသည် ပိုင်နက်အငြင်းပွားနေသည့် ကျွန်းများအနီးအနားရှိ ကျွန်းများသို့ တရုတ်တပ်ဖွဲ့များ စိမ့်ဝင် ထိုးဖောက်ဝင်ရောက်လာခြင်းအား အရေးပေါ်တုံ့ပြန်ရန် သို့မဟုတ် ဒုံးကျည်ကာကွယ်ရေးအတွက်ရည်ရွယ်ချထားခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အစ်ရှီဂါကီကျွန်းသည် ဂျပန်နိုင်ငံကထိန်းချုပ်ထားသော ရှင်ကာကူကျွန်းစုအပေါ် အုပ်ချုပ်စီရင်ပိုင်ခွင့်အာဏာရှိမည်ဖြစ်သည်။ ယင်းကျွန်းစုကို တရုတ်နိုင်ငံက ဒိုင်အိုယုကျွန်းစုဟု ခေါ်တွင်ကာ မိမိတို့ပိုင်ဆိုင်သည်ဟု ကြေညာထားသည်။

**ပီတီအိုင်။**

# ချန်ပီယံလိဂ်အုပ်စုပွဲစဉ်ကစားရန်တစ်ပွဲအလိုတွင် (၁၆) သင်းအဆင့်တက်သည့် အသင်းများထွက်ပေါ်



ချန်ပီယံလိဂ်အုပ်စုအဆင့် ပွဲစဉ်ကစားရန် တစ်ပွဲအလိုမှာပင် (၁၆)သင်းအဆင့် တက်လှမ်းသည့် အသင်းများထွက်ပေါ်ခဲ့ပြီး အုပ်စု(A)တွင် ရီးယဲလ်မက်ဒရစ်သည် ချန်ပီယံလိဂ်(၁၆)သင်းအဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။ ရီးယဲလ်နှင့်အတူ တစ်အုပ်စုတည်းကျခဲ့သည့် ပီအက်စ်ဂျီလည်း (၁၆)သင်းအဆင့်တက်လှမ်းရန်သေချာခဲ့ပြီး ရီးယဲလ်နှင့် ပီအက်စ်ဂျီ မည်သည့်အသင်းက အုပ်စုပထမဖြင့် တက်လှမ်းလာမည်ကိုမူ တိကျသောအဖြေ မထွက်သေးပေ။

အုပ်စု(B)တွင် ချန်ပီယံလိဂ်(၁၆)သင်းအဆင့်တက်လှမ်းရန် ဝုလ်ဖ်ဘတ်၊ မန်ယူနှင့် ပီအက်စ်ဗွီတို့ အားပြိုင်နေပြီး ယင်းသုံးသင်းထဲမှ မည်သည့်နှစ်သင်းတက်လှမ်းသွားမည်ကိုမူ လက်ကျန်ပွဲစဉ် စောင့်ကြည့်ရမည်ဖြစ်သည်။ သို့ရာတွင် အုပ်စု(C)တွင်မူ အက်သလက်တီကိုမက်ဒရစ်နှင့် ဘင်ဖီကာတို့နှစ်သင်း (၁၆)သင်းအဆင့် တက်လှမ်းရန် သေချာသွားခဲ့ပြီဖြစ်သည်။

အုပ်စု(D)တွင် ဂျူဗင်တပ်နှင့် မန်စီးတီးတို့ (၁၆)သင်းအဆင့်တက်လှမ်းသွားပြီဖြစ်ပြီး အုပ်စုပထမဖြင့် မည်သည့်အသင်းတက်လှမ်းမည်ကိုမူ ဆုံးဖြတ်ရန်ခက်ခဲနေသေးသည့် အခြေအနေတွင် ရှိနေသည်။ အုပ်စု(E)တွင် (၁၆)သင်း အဆင့်တက်လှမ်းမည့်အသင်းအဖြစ် ဘာစီလိုနာတစ်သင်းတည်းသာ အဖြေထွက်ထားပြီး ကျန်ရှိသည့် ရိုးမား၊ လေဗာကူဆင်နှင့် ဘိတ်ဘိုရီဆော့ဗ်တို့ထဲမှမည်သည့် အသင်း အုပ်စုကို ကျော်ဖြတ်နိုင်မည်လဲဆိုတာ စိတ်ဝင်စားဖွယ် ကောင်းနေခဲ့သည်။

အုပ်စု(F)တွင် ဘိုင်ယန်မြူးနစ်အသင်းသည် (၁၆)သင်းအဆင့်တက်ရန် သေချာခဲ့သော်လည်း အိုလံပီယာကော့စ်နှင့် အာဆင်နယ်တို့ထဲမှ (၁၆)သင်းအဆင့်တက်လှမ်းလာမည့်အသင်းကို လာမည့်ချန်ပီယံလိဂ်အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်ကို စောင့်ကြည့်ရဦးမည်ဖြစ်သည်။

အုပ်စု(G)တွင်မူ ချယ်လ်ဆီး၊ ပေါ်တိုနှင့် ဒိုင်နမိုကိဗ်တို့ အုပ်စုအဆင့်ကို ကျော်ဖြတ်ရန် အားပြိုင်နေရပြီး အဆိုပါသုံးသင်း၏ လက်ရှိအုပ်စုတွင်း ရမှတ်ရရှိမှုမှာလည်း ကျဉ်းမြောင်းနေခြင်းကြောင့် သုံးသင်းထဲမှ မည်သည့် နှစ်သင်း လက်ကျန်ပွဲစဉ်တွင် အကောင်းဆုံးရလဒ်ထွက်ပေါ်ကာ (၁၆)သင်းအဆင့် တက်လှမ်းလာမည်လဲဆိုတာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။

အုပ်စု(H)တွင် ဇင်းနစ်က အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်ပြီး ဂျန့်နှင့် ဗလန်စီယာနှစ်သင်းအနက် လက်ကျန်ပွဲစဉ်တွင် အနိုင်ကစားနိုင်မည့်အသင်းက ချန်ပီယံလိဂ် (၁၆)သင်းအဆင့်ကို တက်လှမ်းလာမည်ဖြစ်သည်။ အုပ်စုရှစ်အုပ်စုအနက် အုပ်စု(B)နှင့် အုပ်စု(G)တို့မှအသင်းများမှာ တစ်သင်းမျှ (၁၆)သင်းအဆင့်တက်လှမ်းနိုင်ခြင်း မရှိသေးဘဲ လက်ကျန်ပွဲကစားပြီးမှသာ အဖြေထွက်လာမည် ဖြစ်သည်။

**ငွေကြယ်**

## နိုဝင်ဘာ ၂၅/၂၆ ရက် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ၏ အနိုင်/အရှုံးရလဒ်များ

| | |
|---|---|
| အက်စ်တာနာ ၂ - ၂ ဘင်ဖီကာ | မန်ယူ ၀ - ၀ ပီအက်စ်ဗွီ |
| CSKAမော်စကို ၀ - ၂ ဝုလ်ဖ်ဘတ် | အက်သလက် ၂ - ၀ ဂါလာတာစာရေး |
| မယ်လ်မို ၀ - ၅ ပီအက်စ်ဂျီ | ဂျူဗင်တပ် ၁ - ၀ မန်စီးတီး |
| ရှက်တာဒိုးနက် ၃ - ၄ ရီးယဲလ်မက်ဒရစ် | ဂလက်ဘတ် ၄ - ၂ ဆီဗီလာ |

**မောင်မောင်ဇော်**

# စပါးနှင့်ပွဲတွင် လက်ရှိခြေစွမ်းကို ချယ်လ်ဆီးဆက်ထိန်းရန် ကာဟေးလ်တိုက်တွန်း



ချယ်လ်ဆီးနောက်ခံလူ ဂယ်ရီကာဟေးလ်က ချယ်လ်ဆီးအနေဖြင့် နော့ဝှစ်ချ်နှင့် မက်ကာဘီတဲအဗစ်တို့အားအနိုင်ရခဲ့သည့် လက်ရှိအရှိန်ကောင်းအား ဆက်လက်ထိန်းထားကာ စပါးအားရင်ဆိုင်ကစားရန် အသင်းဖော်များအား တိုက်တွန်းစကားဆိုခဲ့သည်။ ကာဟေးလ်သည် လာမည့် နိုဝင်ဘာ ၂၆ ရက်တွင် ကစားမည့် လန်ဒန်ဒါဘီတွင် အကောင်းဆုံးပုံစံရနေသော စပါးအား ရင်ဆိုင်ရမည် ဖြစ်သဖြင့် ချယ်လ်ဆီးအသင်းသားများအနေဖြင့် ပိုမိုသတိထားကာ ကစားသင့်ကြောင်းလည်း သတိပေးစကားဆိုခဲ့သည်။

ချယ်လ်ဆီးသည် ပရီမီယာလိဂ်တွင် ရလဒ်များဆိုးရွားကာ အမှတ်ပေးဇယားအောက်ဆုံးနားတွင် ရပ်တည်နေခဲ့သော်လည်း ပြီးခဲ့သည့်အပတ်က ကစားခဲ့သော ပရီမီယာလိဂ်ပွဲစဉ်တွင် နော့ဝှစ်ချ်အားအနိုင်ရခဲ့သလို တဲလ်အဗစ်အား လေးဂိုးပြတ်ဖြင့် ထပ်မံအနိုင်ရရှိခဲ့ရာ ကာဟေးလ်က ယခုအရှိန်ကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်ရန် လိုအပ်ကြောင်း တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ကာဟေးလ်က ချယ်လ်ဆီးတီဗွီမှတစ်ဆင့် “အခုဆို ချန်ပီယံလိဂ်မှာ အုပ်စုထိပ်ဆုံးနေရာကို ဆုပ်ကိုင်ထားနိုင်ပါပြီ။ ဒါ့အပြင် နော့ဝှစ်ချ်ကိုပြီးခဲ့တဲ့ပွဲမှာ အနိုင်ရခဲ့တဲ့ပုံစံမျိုး စပါးနဲ့ပွဲမှာ ဆက်ထိန်းနိုင်ဖို့ ကြိုးစားရပါမယ်”ဟု ပြောကြားခဲ့သည်။

ချယ်လ်ဆီးသည် လက်ရှိတွင် ရမှတ်၁၄မှတ်ဖြင့် ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့်(၁၅) နေရာတွင်ရပ်တည်နေပြီး အကယ်၍ ချယ်လ်ဆီးမှာ စပါးအား ထပ်မံရှုံးနိမ့်ခဲ့လျှင် စပါးအသင်းနှင့်ပင် ရမှတ် ၁၃ မှတ်အထိကွာဟသွားမည်ဖြစ်၍ မည်သို့မျှ အရှုံးမခံနိုင်သော အနေအထားတွင် ရှိကြောင်းလည်း ကာဟေးလ်က တစ်ဆက်တည်းပင် ဆိုခဲ့သည်။ စပါးအသင်းမှာ အဇာဘိုင်ဂျန်ကလပ် ကာရာဘတ်နှင့် ယူရိုပါလိဂ်ကစားရဦးမည်ဖြစ်ရာ ချယ်လ်ဆီးထက် အဆိုပါပွဲအတွက် ပြင်ဆင်ချိန်နှစ်ရက် လျော့နည်းမည်ဖြစ်သောကြောင့် ယင်းအခြေအနေအပေါ်အခွင့်အရေးယူကာ အနိုင်ကစားရန် ကာဟေးလ်က တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

**မေလဲ့သင်း**

## တိုတို ထွာထွာ အားကစား ရေးရာ

- ချယ်လ်ဆီးအသင်းသည် ဘိုင်ယန်ကွင်းလယ်ကစားသမား ဖရန့်ရီဘာရီအား ပြောင်းရွှေ့ကြေးပေါင် ၄၅ သန်းဖြင့် လာမည့် ဇန်နဝါရီဈေးကွက်ဖွင့်လှစ်ချိန်တွင် ခေါ်ယူရန် ချဉ်းကပ်နေပြီဖြစ်သည်။
- မန်စီးတီးသည် အသင်း၏ကွင်းလယ်တိုက်စစ်ကစားသမား နာဆရီအား ဂျူဗင်တပ်မှ ပြောင်းရွှေ့ကြေးပေါင် ၁၀ သန်းဖြင့် ကမ်းလှမ်းမှုအား ပယ်ချခဲ့ပြီး ယင်းကစားသမားမှာ ရောင်းချမည့် စာရင်းတွင် မပါဝင်ကြောင်း ချက်ချင်းပင် တုံ့ပြန်ခဲ့သည်။
- ချယ်လ်ဆီးနောက်ခံလူ ဂယ်ရီကာဟေးလ်က ကလပ်အသင်းအနေဖြင့် ၎င်းအား စာချုပ်သက်တမ်းတိုးရန် အချိန်သုံးပတ်အတွင်းသာ ကြိုးစားခွင့်ရှိကြောင်း အသင်းတာဝန်ရှိသူများအား သတိပေးစကားပြောကြားခဲ့သည်။
- ခရစ္စတယ်ပဲလေ့စ် နည်းပြ အလန်ပါဂျူးက စပို့တင်းလစ္စဘွန်းတိုက်စစ်မှူး အစ္စလန်စလီမာနီအားခေါ်ယူနိုင်ရန် ချိတ်ဆက်မှုများ ဆက်တိုက်လုပ်ဆောင်နေပြီဖြစ်ကြောင်း ဂိုးလ်ဒေ့ါကွန်းက ဖော်ပြသည်။
- ချယ်လ်ဆီး၏ တိုက်စစ်ပိုင်းအားနည်းရခြင်းမှာ ဒီယေဂိုကော်စတာအား ပံ့ပိုးမှုအားနည်းနေသောကြောင့်ဟု မော်ရင်ဟိုက ယူဆထားသောကြောင့် လာမည့်ဇန်နဝါရီလအပြောင်းအရွှေ့ကာလမှာပင် တိုက်စစ်မှူး တစ်ယောက်ကို ထပ်မံခေါ်ယူရန် စီစဉ်နေသော်လည်း ကစားသမား၏အမည်ကိုမူ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။

## စပါး - ချယ်လ်ဆီး၊ လက်စတာ - မန်ယူပွဲစဉ်တွေကြောင့် ပရိသတ်တွေရဲ့အာရုံကို ဆွဲဆောင်နိုင်ဦးမယ့် ...

## ပရီမီယာလိဂ်ရင်ခုန်သံ - ၁၄

ပြီးခဲ့တဲ့ပွဲစဉ်(၁၃)မှာတော့ အမှတ်ပေးဇယားဦးဆောင်သူတွေဖြစ်တဲ မန်စီးတီး၊ အာဆင်နယ်တို့ ရှုံးပွဲကြုံတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ အဆိုပါနှစ်သင်းအနေနဲ့ နိုင်ပွဲပြန်ရမလားစောင့်ကြည့်ရဖို့ရှိသလို အမှတ်ပေးဇယားထိပ်ဆုံး ရောက်လာတဲ့ လက်စတာလည်း မန်ယူကို အနိုင်ရမှာလားဆိုတာ စိတ်ဝင်စားဖို့ ကောင်းတယ်။

**ရှိုင်းမင်းမင်း**



**ဘုန်းမောက် - အဲဗာတန် ည ၉:၃၀ (၂၈-၁၁-၁၅)**

ဗီလာကို လေးဂိုးပြတ်အနိုင်ရခဲ့တဲ့ပွဲမှာ အဲဗာတန်ခြေအတော်လေးကောင်းတယ်။ အထူးသဖြင့် တိုက်စစ်ကစားပုံ ကောင်းမွန်လွန်းတဲ့အတွက် ဒီပွဲစဉ်မှာလည်း ဘုန်းမောက်ကို ဖိအားပေးသွားနိုင်မှာသေချာတယ်။ ဘုန်းမောက်ခြေကလည်း သာမန်သာရှိတဲ့အတွက် ဒီပွဲမှာ အဲဗာတန်ပဲနိုင်ပွဲဆက်ဖို့ ရှိတယ်။

**ပဲလေ့စ် - နယူးကာဆယ် ည ၉:၃၀(၂၈-၁၁-၁၅)**

လက်စတာကို အိမ်ကွင်းမှာတောင် ဂိုးပြတ်ရှုံးနိမ့်ခဲ့ရတဲ့ နယူးကာဆယ်ခြေက အတော်လေးအားနည်းပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းက ကျစ်လျစ်မှုမရှိဘူး။ ပဲလေ့စ်က အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိသလို အိမ်ကွင်းအားနဲ့ ဖိအားပေးသွားမှာပါ။

**မန်စီးတီး - ဆောက်သမ်တန် ည ၉:၃၀ (၂၈-၁၁-၁၅)**

လီဗာပူးကို ရှုံးခဲ့တဲ့အတွက် မန်စီးတီး ဒီပွဲစဉ်မှာ နိုင်ပွဲ ပြန်ရအောင်ကစားမှာသေချာတယ်။ ဒါပေမယ့် မန်စီးတီးမှာ အဓိကကျတဲ့ ကစားသမားအချို့ ဒဏ်ရာရနေသလို ချန်ပီယံလိဂ်ကစားခဲ့ရလို့လည်း ပွဲပန်းလာနိုင်တယ်။ ဒါကြောင့် ခြေစွမ်းမဆိုးတဲ့ ဆောက်သမ်တန်ကို အသာရဖို့ ခက်ပြီး နိုင်ရင်တောင် မပြတ်သားဘူး။

**ဆန်းဒါးလန်း - စတုတ် ည ၉:၃၀(၂၈-၁၁-၁၅)**

ဆောက်သမ်တန်ကို အနိုင်ရခဲ့တဲ့ပွဲစဉ်မှာ စတုတ်ကစားပုံက ကောင်းမွန်မှုရှိတယ်။ တိုက်စစ်ကစားပုံ အနည်းငယ် အားနည်းနေပေမယ့် ခံစစ်နဲ့ အသင်းလိုက်ကစားပုံ ထက်မြက်တယ်။ ဆန်းဒါးလန်းကတော့ ခြေစွမ်းတည်ငြိမ်မှု အားနည်းတယ်။ အဝေးကွင်းမှာ စတုတ်ပဲနိုင်ပွဲကပ်ရသွားနိုင်တယ်။

**အက်စတွန်ဗီလာ-ဝက်ဖို့ဒ် ည ၉:၃၀(၂၈-၁၁-၁၅)**

ဝက်ဖို့ဒ်က မန်ယူကို ရှုံးခဲ့ရပေမယ့် ခြေစွမ်းပိုင်း မဆိုးဘူးလို့ ပြောနိုင်တယ်။ အက်စ်တွန်ဗီလာကတော့ အဲဗာတန်ကို ဂိုးပြတ်ရှုံးနိမ့်ခဲ့လို့ ရလဒ်ကောင်းအောင် ကြိုးစားမှာဖြစ်ပေမယ့် ခံစစ်ကကျစ်လျစ်မှုအားနည်းတယ်။ အိမ်ကွင်းမှာ ကစားရမှာဖြစ်ပေမယ့် အက်စ်တွန်ဗီလာ သရေထက်မပိုဘူး။

**လက်စတာစီးတီး - မန်ယူ နံနက် ၀၀:၀၀(၂၉-၁၁-၁၅)**

နောက်ဆုံးကစားခဲ့တဲ့ လေးပွဲဆက်အနိုင်နဲ့အတူ အမှတ်ပေးဇယားထိပ်ဆုံးရောက်လာတဲ့ လက်စတာဟာ အိမ်ကွင်းလည်းဖြစ်လို့ ခြေကုန်ထုတ်ပြီးရင်ဆိုင်မှာပါ။ မန်ယူကလည်း တိုက်စစ်ပိုင်းကမငြိမ်ပေမယ့် ကွင်းလယ်ကစားပုံအားကောင်းတယ်။ ဒီပွဲမှာတော့ လက်စတာရှန်းကန်ရနိုင်ပြီး မန်ယူကပ်နိုင်မယ်။

**စပါး - ချယ်လ်ဆီး ည ၆:၁၀ (၂၉-၁၁-၁၅)**

နော့ဝှစ်ချ်ကိုအနိုင်ရပြီး နိုင်ပွဲပျောက်ဆုံးမှုတွေကို ရပ်တန့်နိုင်ခဲ့ပေမယ့် ချယ်လ်ဆီးခြေက အကောင်းဆုံးပုံစံမှာမရှိဘူး။ အထူးသဖြင့် ထိုးစစ်ပိုင်းမှာ အဆုံးသတ်သေချာမှု မရှိသေးသလို စပါးကလည်း အိမ်ကွင်းပွဲစဉ် ဖြစ်တာကြောင့် အားစိုက်ကစားမှာသေချာတယ်။ ဒါကြောင့် ချယ်လ်ဆီးနိုင်ပွဲပြန်ပျောက်သွားနိုင်တယ်။

**ဝက်စ်ဟမ်း - ဝက်စ်ဘရွန်း ည ၇:၃၅ (၂၉-၁၁-၁၅)**

အာဆင်နယ်ကို အနိုင်ကစားသွားတဲ့ ဝက်စ်ဘရွန်းခြေမဆိုးပါဘူး။ အထူးသဖြင့် ဝက်စ်ဘရွန်းရဲ့ခံစစ်ကစားပုံက တည်ငြိမ်မှုရှိတယ်။ ပြီးတော့ ဝက်စ်ဘရွန်းဟာ အဝေးကွင်းခံကစားပုံ ပိုကောင်းတာကြောင့် ဝက်စ်ဟမ်း အခက်တွေ့နိုင်တယ်။ အိမ်ကွင်းဖြစ်သလို ခြေကောင်းနေပေမယ့် ဝက်စ်ဟမ်းနိုင်ရင်တောင် မပြတ်သားဘူး။

**နော့ဝှစ်ချ် - အာဆင်နယ် ည ၁၀:၄၅ (၂၉-၁၁-၁၅)**

အာဆင်နယ်က ဝက်စ်ဘရွန်းကို ရှုံးနိမ့်ခဲ့တဲ့အတွက် နိုင်ပွဲပြန်လည်ရှာဖွေမှာပါ။ နော့ဝှစ်ချ်ကတော့ ခြေစွမ်းပိုင်း အားနည်းမှုတွေ ရှိနေပါတယ်။ နောက်ဆုံး ငါးပွဲမှာ လေးပွဲတိတိ ရှုံးနိမ့်ခဲ့ရတယ်။ ခံစစ်ကလည်း ပွဲတိုင်းနီးပါး ဂိုးတွေပေးနေရတယ်။ ချန်ပီယံလိဂ်ကစားခဲ့ရမှာဖြစ်ပေမယ့် အာဆင်နယ်နိုင်ပွဲပြန်ရမယ်။

**လီဗာပူး - ဆွမ်ဆီး ည ၁၀:၄၅ (၂၉-၁၁-၁၅)**

မန်စီးတီးကို အနိုင်ရခဲ့တဲ့ပွဲစဉ်မှာ လီဗာပူးရဲ့ ကစားပုံအတော်လေး ကောင်းတယ်။ ဖာစီနို၊ လာလာနာ၊ ကွန်တင်ညိုတို့ သုံးဦးပေါင်း ထိုးစစ်ကလည်းထက်မြက်မှုရှိလို့ ဆွမ်ဆီးကိုဖိအားပေးသွားနိုင်မှာ သေချာတယ်။ ဆွမ်ဆီးခြေကလည်း အားနည်းမှုတွေရှိနေလို့ ဒီပွဲမှာလည်း လီဗာပူး နိုင်ပွဲဆက်မယ်။

ပြည်တွင်းရေးရာ

ဆောင်းပါး

# 'ဇလီဖားတုံးအစား လူသေတွေနဲ့ ခင်းထားတယ်' ဆိုကြသည့် သေမင်းတမန်မီးရထားလမ်းပိုင်းနှင့်မကြာမီဖွင့်လှစ်တော့မည့်ပြတိုက်"

**à** ရာမည(သွေးမွန်)

မိမိတို့မြန်မာများ ယနေ့ အသက် ၇၀ ကျော်တန်းသည်ပင် နိုင်ငံ့လူဦးရေအားဖြင့် အနည်းပိုင်းသို့ ကျဆင်းနေလောက်ပြီဖြစ်သည်။ ဒုတိယကမ္ဘာစစ် ဂျပန်တို့မြန်မာပြည်ကို အုပ်စိုးခဲ့သောကာလကို သိမီလိုက်သူ အလွန်နည်းပါး လေမည်ဟု ယူဆမိသည်။ စစ်အတွင်းက စစ်ဦးဘီလူး၊ ဂျပန်စစ်သား၏ ပုံရိပ်၊ ဟန်ပန်ကို မီဒီယာမျက်နှာစာ ပြတင်းပေါက်မှ တစ်ဆင့်သာ သိမြင်မှတ်ယူကြရမည်ဖြစ်သည်။ လွန်ခဲ့သော ၁၉၄၂၊ ၁၉၄၅ ခုနှစ်များ မြန်မာပြည်၏ စစ်အနိဋ္ဌာရုံတို့ဖြင့် လွှမ်းခဲ့သော ဖက်ဆစ်ရုပ်ကြမ်းသွင်ပြင်တို့ကို အတွေးမှပင် မေ့ပျောက်ချင်ချင်ဖြစ်နေကြပါမည်။

စစ်၏အနိဋ္ဌာရုံများအိပ်မက်ဆိုးများ ရှိခဲ့ဖူးသည်ဆိုသည်ကိုပင် ယုံတမ်းစကား၊ ပုံပြင်လေလား ဝိုးတဝါးအမှတ်မှား ချင်သူတွေလည်း ရှိကောင်းရှိနိုင်ပါသည်။ မိမိသည်ပင် ဒိဋ္ဌမျက်မြင်တွေ့ကြုံနိုင်သည့် အသက်အပိုင်းအခြားမရှိ၍ ယုံကြည်မှု ပေါ့တန်လျက်ရှိသည်။

ဗုဒ္ဓ၏အဆုံးအမဖြင့် အပူငြိမ်းရန် ပစ္စုပ္ပန်တည့်တည့်တွင် ခြေစုံရပ်ကာအတိတ်မှ မိမိတို့ဘိုးဘွားများ၏ နှလုံးသွေး၊ လူ့သမိုင်းအရိုင်းဇာတ်ကို မေ့ချင်ချင်ရှိသူများလည်း ကြုံဖူးပေလိမ့်မည်။

သို့သော် သမိုင်းကိုလေ့လာသူများအတွက် ဆရာကြီးဒေါက်တာသန်းထွန်း၏ လူသိများ အဆိုတစ်ရပ် ဖြစ်သည့် "သမိုင်းကို လေ့လာတာဟာ မ'အ'အောင်လို့" ဟူသည်ကို မပစ်ပယ်သင့်။ ချေးခြောက်ရေနူးဆိုချင်ဆို၊ အနာဆွေးတူးဆွသူ' ဟုပြောချင်ပြောကြပါစေ။ သမိုင်းတွင်းမှ အနိဋ္ဌာရုံများက ပစ္စုပ္ပန်အတွက် ပဲ့ထိန်းကောင်းစွမ်းအား၊ ယန္တရားများ ပိုင်ဆိုင်ရယူလာနိုင်သည်ကို မေ့လျော့မနေသင့်ပါ။ ယနေ့ခေတ်လူငယ်များသည် ၁၉၄၅ ခုနှစ်က ဖက်ဆစ်စစ်ဝါဒီတို့၏ ရုပ်ဝါသွင်ပြင်ကို အသက် ၇၀ အောက်၊ လူလတ်၊ လူရွယ်၊ လူငယ်တို့အဖို့ သမိုင်းစာမျက်နှာများကို လှန်လှောကြည့်ရှုနိုင်ပါမှ ရိုးတိုးရိတ်တိတ် မြင်နိုင်ချေရှိပါသည်။

ဤသို့ သမိုင်းစာမျက်နှာပြတင်းပေါက်များ လှန်လှောကြည့်နိုင်ရေးအတွက် မော်လမြိုင်မြို့နှင့် မိုင်လေးဆယ်ခန့်ကွာဝေးသော သံဖြူဇရပ်မြို့လေးတွင် အထင်ကရရှိနေပါသည်။ ကျိုက္ခမိသို့ ဦးတည်သည့် မြို့အထွက်ကားလမ်းနဘေး မေးတင်လျက် မြန်မာပြည်တွင် ဒုတိယအကြီးဆုံးဟု ဆိုနိုင်သည့် ဧရာမစစ်သင်္ချိုင်း (ခနေသဟာယရစစ်သင်္ချိုင်းကြီး)တစ်ခုရှိနေပါသည်။ ကျိုက္ခမိဘုရားဖူး ခရီးသွားဟန်လွဲ မြင်တွေ့နေကြမည်ဖြစ်ပါမည်။ ယင်းစစ်သင်္ချိုင်းကြီးသည်ကား ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်တို့၏ စစ်ရေးမဟာ ဗျူဟာအထောက်အကူပြု မီးရထားလမ်းဖောက်လုပ်ရာတွင် အလုပ်ကြမ်းလုပ်ရင်း သေဆုံးကြရသော မဟာမိတ်စစ်သုံ့ပန်း လူဦးရေ ၃၇၇၀ တို့၏ အရိုးအိုးမှတ်တိုင်များ အစီအရီ စိုက်ထူထားရာ ကမ္ဘာကျော်စစ်သင်္ချိုင်းကြီးဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဂျပန်တို့၏ စစ်ရေးအသုံးချခံ ၁၇၅ မိုင်ရှည် မီးရထားလမ်းဖောက်လုပ်ရေး၊ မိမိတို့မြန်မာနိုင်ငံအနှံ့အပြားမှ တောင်သူလယ်သမား၊ တိုင်းရင်းသားများ မြေစာမြက်ဖြစ်ခဲ့ကြရသည်။ မြစ်ကြီးနားမှ တစ်ဆင့် အာသံနယ်တစ်လျှောက်ဆုတ်ခွာသွားသော မဟာမိတ်ဗြိတိသျှတပ်များကို ထပ်ကြပ်မကွာ လိုက်လံ ခြေမှုန်းနိုင်ရေးအတွက် ဂျပန်တပ်မတော်ကို လက်နက်၊ ခဲယမ်း၊ ရိက္ခာ ထောက်ပံ့ရေးလမ်းကြောင်း အရေးတကြီးလိုအပ်လာသည်။ အင်ဒိုချိုင်းနား ရေလမ်းမှာလည်း မဟာမိတ်တို့တပ်စွဲထား၍ အသုံးမချနိုင်။ နောက်ဆုံးအခြားရွေးရန်မရှိ။ ကုန်းလမ်းဖြစ်သည့် ယိုးဒယား(ထိုင်း)နိုင်ငံတောင်ပိုင်း ဘန်ပေါင် (Ban Pong)မှ မြန်မာနိုင်ငံ သံဖြူဇရပ်တို့သို့ဆက်သွယ်ဖောက်လုပ်ရန် စီစဉ်သည်။

လမ်းအူကြောင်းအရ နှစ်နိုင်ငံစပ်ကြားဒေသသည် မည်သို့သော ကာလကမှ၊ လူအရောက်အပေါက်မရှိခဲ့ဖူးသော၊ ရေမြေကြမ်းတမ်း၊ ရာသီဥတုဆိုးရွားကာ ပိန်းပိတ်မှောင်တောခေါင်ဗျက်မည်းလွန်းသဖြင့် ဂျပန်စစ်ဖက်ဆိုင်ရာ အင်ဂျင်နီယာများကပင် အနည်းဆုံး ငါးနှစ်ခြောက်နှစ် ကြာမြင့်မည့်လုပ်ငန်းဟု တွက်ချက်ထားသည်။ ဤသည်ကို စစ်အာဏာပိုင်များက ခန့်မှန်းသည်ထက် ထက်ဝက်မျှသောကာလဖြင့်ပင် အပြီးဖောက်လုပ်ရန် ဇွတ်တရွတ် စီစဉ်လုပ်ဆောင်ခဲ့သည်။

သို့ဖြင့် ဤသို့သော ဇွတ်တရွတ်နိုင်မှု၏ ရလဒ်အဖြစ် လူ့အသက်ပေါင်းများစွာ ပေးဆပ်ကာ နာမည်ဆိုးများတွင်ခဲ့ရတော့သည်။ ခန့်မှန်းကာလ၏ ထက်ဝက်မျှ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်နှင့် အပြီးလုပ်ခဲ့ပြီး ၁၉၄၆ ခုနှစ် ဒီဇင်ဘာ ၁၈ (မူကွဲ-၂၃/ နောက်ထပ်မူကွဲတစ်ခုက ၁၀) ရက်တွင် ဖွင့်ပွဲလုပ်သည်ဖြစ်ရာ မိမိတို့နိုင်ငံမှ ဗိုလ်ချုပ်အောင်ဆန်း (မိန့်ခွန်းပြော) နှင့် ဘုရင်ခံဆာဟူးဘတ်ရန့်တို့ တက်ရောက်ခဲ့ကြောင်းဆိုသည်။ ၁၉၆၁ ခုနှစ်တွင်မူ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဗြိတိသျှနန်းလျာ အမ်းမြို့စား အလက်ဇန္ဒားမင်းသမီးတို့က လွမ်းသူ့ပန်းခွေချခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

ယင်းသို့ဖွင့်လှစ်နိုင်ရေးအတွက် အရှေ့တောင်အာရှဒေသ စစ်မြေပြင်မှ ဂျပန်တို့လက်ရဖမ်းဆီးရမိသော မဟာမိတ်နိုင်ငံတပ်မှ အရာရှိ အခြားအဆင့် စစ်သည်များနှင့် မြန်မာပြည်တစ်ဝန်းမှ အရပ်သား အလုပ်သမား ချွေးတပ်သားများစွာ အသက်ဆုံးရခြင်းဖြစ်သည်။ ဂျပန်စစ်အာဏာပိုင်တို့က မြန်မာချွေးတပ်သားဦးရေ တစ်သိန်း သုံးသောင်း စုဆောင်းသည်။

လမ်းတွင်ထွက်ပြေးသည်က ဦးရေ လေးသောင်း၊ လုပ်ခွင်တွင် စေခိုင်းသည်က ဦးရေ ၁၃၅၀၀၊ ၎င်းတို့ကို တာဝန်ပြီးဆုံးသည်နှင့် နေရပ်သို့ ကောင်းမွန်စွာ ပြန်လည်ပေးပို့သည်ဟု ထွက်ဆိုသည်။ မဟာမိတ်စစ်သင်္ချိုင်းကော်မရှင်ကမူ ယုံကြည်စရာမရှိဟုယူဆကာ ၁၉၄၇ခုနှစ် အောက်တိုဘာ ၇ ရက် နေ့စွဲဖြင့် လန်ဒန် ဗြိတိသျှနိုင်ငံခြားရေးရုံး၏ ကြေညာချက်အရ မြန်မာချွေးတပ်သားဦးရေ ၁၇၇၀၀၀ စုဆောင်းခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းခွင်တွင် သေဆုံးရသည်မှာ ဦးရေ ရှစ်သောင်းဟုခန့်မှန်းဖော်ပြထားသည်။

ယင်းနောက် စစ်သင်္ချိုင်းကော်မရှင်က ဖော်ပြရာတွင် စစ်သုံ့ပန်းချွေးတပ်သား ဗြိတိသျှ- ၁၇၂၈၊ ဩစတြေးလျှ-၁၁၆၃၊ ဒတ်ချ်-၆၂၁၊ စုစုပေါင်းဦးရေ ၃၅၁၂ဦး ဖြစ်သည်။ ယိုးဒယား(ထိုင်း)နိုင်ငံဘက်ခြမ်းတွင် မြှုပ်နှံထားသော စစ်သုံ့ပန်းချည်းသက်သက်ဆိုက ဦးရေ ၁၃၅၀၀ ဦးထက်မနည်း ရှိလိမ့်မည်ဟု ဆိုပါသည်။ ယဉ်ကျေးများအဆင့်ကိုပင် နိမ့်ပါးရသော ကျောက်ခေတ်လူရိုင်းဟု ထင်မြင်ရစေသည့် သာဓကပေါင်း များစွာပြုမူကျင့်သုံးခဲ့ခြင်းဖြစ်သည်။ စစ်ကာလတစ်လျှောက် ဒေသတိုင်းတွင် လူမဆန်စွာ စစ်ဦးဘီလူးပီပီ လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။ မူရင်းဂျပန်ပြည်သူတို့၏ စိတ်သည် ဤသို့မဟုတ်။ စစ်ခုံရုံးမှ စစ်ဆေးချက်အရ ထွက်ဆိုချက်များကို ကြားသိရလေကာမှ အများဂျပန်ပြည်သူတို့က အံ့သြတုန်လှုပ်ရပါကြောင်း၊ မိမိတို့၏ မိဘမောင်ဘွားများ၏အပြုအမူကို နားမလည်နိုင်အောင်ဖြစ်ရပါကြောင်း ဝန်ခံပြောဆိုကြသည်။ မယုံနိုင်အောင် ဖြစ်ရပါကြောင်း ပြောကြသည်။




**စာမျက်နှာ ၁၈ သို့**

**မြန်မာနိုင်ငံ စာပေ ထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း**

**ဗဟိုအမှုဆောင်အဖွဲ့ဝင်အဖြစ် လျှောက်ထားရန် ဆန္ဒပြုလွှာ ထုတ်ယူနိုင်ကြောင်း နှိုးဆော်လွှာ**

၁။ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းသည် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ရာ ယခုအချိန်တွင် (၃) နှစ်သက်တမ်း ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ အသင်း၏ ဒုတိယအကြိမ် ဗဟိုအမှုဆောင် ရွေးချယ်တင်မြှောက်ပွဲနှင့် အသင်း၏ နှစ်ပတ်လည်ညီလာခံအား ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၁) ရက်နေ့တွင် သိမ်ဖြူလမ်းရှိ အမျိုးသား YMCA အသင်း ခန်းမတွင် နေ့လယ် (၁) နာရီမှ (၃) နာရီအထိ ကျင်းပမည် ဖြစ်ပါသည်။

၂။ ဗဟိုအမှုဆောင်များအဖြစ် ပါဝင်ဆောင်ရွက်လိုသော အသင်းဝင်များအနေဖြင့် "ဗဟိုအမှုဆောင်အဖြစ် လျှောက်လွှာများအား" ယာယီအသင်းရုံးခန်းတည်ရှိရာ အမျိုးသား YMCA အဆောက်အအုံ၊ အမှတ် (၂၆၃) သိမ်ဖြူလမ်းရှိ ပြည့်စုံစာအုပ်တိုက်ရှိ ရုံးအဖွဲ့မှူး ဒေါ်ခင်သန်းဦးထံ ဖောင်များကို (၂၇-၁၁-၂၀၁၅) မှ စတင်ထုတ်ယူ လျှောက်ထားနိုင်ပါသည်။ (၁၀-၁၂-၂၀၁၅) ညနေ ၄း၀၀ နာရီ နောက်ဆုံးထား၍ လျှောက်ထားလွှာများအား ပြန်လည်ပေးပို့ရမည် ဖြစ်ပါသည်။

၃။ ဗဟိုအမှုဆောင်အဖွဲ့ဝင်များအား စိစစ်ရွေးချယ်ရာတွင် အောက်ပါအချက်အလက်များကို အခြေခံ၍ ရွေးချယ်မည် ဖြစ်ပါ သည်။

(က) မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းနှင့်စာအုပ်ထုတ်ဝေရေးလောကသားများ၏ အကျိုးအတွက် ကိုယ်ကျိုးမဖက်ဘဲ ငွေအား၊ လူအား၊ အကြံဉာဏ်အားဖြင့် တက်တက်ကြွကြွ လုပ်ဆောင်လိုစိတ်ရှိသူ ဖြစ်ရပါမည်။

(ခ) မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနမှ ထုတ်ဝေသူအဖြစ် အသိအမှတ်ပြုကတ်ဖြင့် တရားဝင် စာအုပ်ထုတ်ဝေ/ဖြန့်ချိရေး လုပ်ငန်းအား တစိုက်မတ်မတ် လုပ်ကိုင်နေသူ ဖြစ်ရပါမည်။

(ဂ) မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၏ အသင်းဝင် ဖြစ်ရပါမည်။

**(အသင်းဝင် မဟုတ်သူများ ဝင်ရောက် လျှောက်ထားခွင့်မရှိပါ။)**

၄။ ဗဟိုအမှုဆောင်အဖွဲ့ဝင်အနည်းဆုံး(၁၉)ဦးကိုရွေးချယ်မည်ဖြစ်ပြီးလျှောက်ထားသူသည်လိုအပ်သော အရေအတွက်ထက်ပိုပါက မဲပေးခြင်းစနစ်ဖြင့် ရွေးချယ်အတည်ပြုမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၏ ဗဟိုအမှုဆောင်များအဖြစ် လာမည့်သက်တမ်းတွင် တာဝန်ထမ်းဆောင်နိုင်ရန် လျှောက်လွှာများ ဖြည့်စွက်လျှောက်ထားကြပါရန် နှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း**

ဂုဏ်ယူဝမ်းမြောက်ကြောင်း

Luxus Golfers Group ဥက္ကဋ္ဌ ဦးကျော်ညွန့်(Hotel K) သည် ၁၈.၁၁.၂၀၁၅ ရက်တွင် Y.C.D.C မြကန်သာ ဂေါက်ကွင်း ကျင်းအမှတ်(၁၁) ၁၁၀ကိုက်တွင် Hole-In-One ဝင်သွားပါသဖြင့် အသင်းသားအားလုံးမှ ဂုဏ်ယူဝမ်းမြောက်ပါသည်။

LUXUS Luxus Golfers Group

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးကိုကိုမောင် [၁၂/မဂတ(နိုင်)၀၀၉၃၆၅]၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၉၃၀၆၃၊ ၀၁-၃၈၁၆၆၇

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် 7H/4697ယာဉ်လက်ဝယ်ရှိသူအမည် ဦးထွန်းသန်း [၇/ပခန(နိုင်)၀၉၆၉၀၀] မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

## ပြည်တွင်းရေးရာ

# ဒီဂရီကောလိပ်(ရန်ကုန်)သို့တက်ရောက်မည့် ကျောင်းသားများအားထောက်ပံ့ငွေပေးအပ်

**လှိုင်ကော် နိုဝင်ဘာ ၂၆**

ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)သို့ တက်ရောက်ကြမည့် ကျောင်းသားများအား တွေ့ဆုံသြဝါဒစကားပြောကြားခြင်းနှင့် ထောက်ပံ့ငွေများပေးအပ်ခြင်းကို နိုဝင်ဘာ၂၅ ရက် နံနက် ၁၀ နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ အစည်းဝေးခန်းမ၌ ကျင်းပခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ် ဦးဌေးအောင်၊ ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်ကြည်ကြည်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းတက်ရောက်ကြမည့်ကျောင်းသားများတက်ရောက်ကြသည်။

ကယားပြည်နယ် ဝန်ကြီးချုပ်က ကျောင်းသားများအား အမှာစကားပြောကြားရာတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်မှာ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အင်ဂျင်နီယာဒီပလိုမာပညာရပ်များ သင်ကြားပေးလျက်ရှိပါကြောင်းပြောကြားခဲ့သည်။

ယင်းအပြင် ဒီဂရီကောလိပ် တက်ရောက်ကြမည့်ကျောင်းသားများအနေဖြင့် သင်တန်းပြီးဆုံးသည်အထိ ပညာကိုကောင်းမွန်စွာသင်ကြားပြီး ပြည်နယ်၏ ဂုဏ်ကိုဆောင်နိုင်မည့် ထူးချွန်သည့် ကျောင်းသားများ ဖြစ်အောင် အစဉ်တစိုက် ကြိုးစားကြစေလိုကြောင်း၊ ကျောင်းဆင်းပြီးသွားပါက မိမိဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအားကျရာကဏ္ဍမှာ တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်သည့် နိုင်ငံ့ဝန်ထမ်းများဖြစ်အောင် ကြိုးစားသွားကြစေလိုကြောင်းငင်းကဆက်လက် ပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြည်နယ် ဝန်ကြီးချုပ်က ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်သို့ တက်ရောက်ကြမည့် ကျောင်းသား ၃၀ ဦးအတွက် ထောက်ပံ့ငွေ ကျပ် ၁၅ သိန်းကို ကျောင်းသားများ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

အဆိုပါ ကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသားများအနေဖြင့် သိပ္ပံဘာသာရပ်တွင် ၁၁ ဦး၊ ဝိဇ္ဇာဘာသာရပ်တွင် ရှစ်ဦး၊ အင်ဂျင်နီယာ ဘာသာရပ်တွင် ၁၁ ဦးတို့ ဖြစ်ကြောင်းသိရသည်။

**အောင်ထွန်းလေး**

# ငါးသရောက်မြို့နယ်၌ တပြားဆည်ရေဖြင့်တစ်နိုင်တစ်ပိုင် စိုက်ပျိုး

**ငါးသရောက် နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ငါးသရောက်မြို့နယ် အမှတ်(၂)ပျဉ်းပင်ရပ်ကွက်နေ ပြည်သူများသည် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းများကို အစဉ်အလာမပျက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး၊ ထိုသို့ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့ရပ်ကွက်နှင့် မလှမ်းမကမ်းတွင်ရှိသည့် တပြားဆည်ကြီးမှ စိုက်ပျိုးရေကို အသုံးပြု၍ စိုက်ပျိုးကြကြောင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ် လုပ်ကိုင်ဆောင်ရွက်ကြကြောင်း သိရသည်။

ယခုအချိန်တွင် အဆိုပါရပ်ကွက်ရှိ စိုက်ပျိုးရေးလုပ်ငန်းရှင်များ စိုက်ပျိုးထားရှိသည့် ဘုရားပန်းမျိုးစုံနှင့် စားပင်သီးနှံ ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးထားရှိသည့် စိုက်ခင်းများမှာ မေမြို့ပန်း၊ ဂန္ဓမာပန်းများအပြင် စားပင်သီးနှံမျိုးစုံဖြစ်သည့် ကြက်သွန်၊ နံနံပင်၊ မုန်ညင်း၊ ဆလပ်ဥဖြူ၊ ချဉ်ပေါင်မျိုးစုံ၊ ရေကန်စွန်းပင်၊ ကိုက်လန်၊ အာလူး စသည်ဖြင့် စိုက်ပျိုးထားရှိကြောင်း၊ တစ်နှစ်လျှင် နှစ်ကြိမ် စိုက်ပျိုးလုပ်ကိုင်ရ၍ စီးပွားဖြစ်စိုက်ပျိုးမှု အကျိုးခံစားခွင့် များရရှိနေကြကြောင်း သိရသည်။

"ကျွန်မတို့ ရပ်ကွက်မှာ စိုက်ပျိုးရေးလုပ်ငန်းလုပ်တာ ကြာပါပြီ၊ ကျွန်မတို့ မိဘတွေလက်ထက်ကတည်းက လုပ်ခဲ့တာပါ။ ဒီလိုစိုက်ပျိုးဖို့အတွက် စိုက်ပျိုးရေကိုတော့ တပြားဆည်ကြီးက မိုးရွာပြီဆိုတာနဲ့ ရေစိမ့်ထွက်ပြီး ကျွန်မတို့ စိုက်ခင်းအနီးချောင်းမှာ ရေလာစီးပါတယ်။ အဲဒီကမှ တစ်ဆင့် ရေစုပ်စက်နဲ့ စိုက်ခင်းတွေကို ရေလွှတ်ပြီး စိုက်ပျိုးလုပ်ကိုင်ကြတာပါ။

"အခု တပြားဆည်ကြီးက ရေနဲ့ ကျွန်မတို့ စိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းပါတယ်။ စိုက်ခင်းကထွက်တဲ့ ဘုရားပန်းတွေနဲ့ ဟင်းသီးဟင်းရွက်မျိုးစုံကိုလည်း ကျွန်မတို့ ငါးသရောက်မြို့က ငါးရက်တစ်ပတ်ဈေးမှာ ပြန်ရောင်းပါတယ်။ ဒါ့ အပြင် ခြံအထိလာဝယ်တဲ့ ဖောက်သည်တွေကိုလည်း ရောင်းပေးနေရတော့ မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းဆိုပေမယ့် စီးပွားဖြစ် လုပ်ကိုင်လို့ရပါတယ်။ မိသားစုများတဲ့အိမ်ဆိုရင်



လူငှားရမ်းခသက်သာတော့ ပိုပြီးအဆင်ပြေပါတယ်။

"အရင်ကဆိုရင်တော့ ကျွန်မတို့ရပ်ကွက်က စိုက်ပျိုးရေးလုပ်တဲ့သူတွေ အရမ်းပင်ပန်းပါတယ်။ စိုက်ခင်းကထွက်တဲ့ အသီးအရွက်တွေကိုလည်း ညောင်ဦးမြို့ထိ စောစောသွားပြီး ရောင်းခဲ့ရတာပါ။

"အခုဆိုရင်တော့ ကျွန်မတို့ ကိုယ့်မြို့မှာတင် ရောင်းလို့ရနေပြီဆိုတော့ ကျွန်မတို့ အမှတ်(၂)ပျဉ်းပင်ရပ်ကွက်က စိုက်ပျိုးရေးလုပ်ငန်းရှင်တွေ အဆင်ပြေပါတယ်" ဟု အဆိုပါ ရပ်ကွက်မှ စိုက်ပျိုးရေးလုပ်ငန်းရှင် တစ်ဦးက ပြောပြသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**

# စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပဲခူး နိုဝင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန စားသုံးသူရေးရာဌာနခွဲမှ ဦးခင်ဇော်က စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေကို မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် မတ် ၁၄ ရက်က ပြဋ္ဌာန်းခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ စားသုံးသူတိုင်ကြားမှုနှင့် ပတ်သက်ပြီး လုပ်ဆောင်ချက်များကို အပြန်အလှန်ဆွေးနွေး ပူးပေါင်းဆောင်ရွက်ကြရန်၊ စားသုံးသူအကာအကွယ်ပေးရေး ထိရောက်အောင်တွင် စားသုံးသူဆိုင်ရာ အခွင့်အလမ်းများ အပြည့်အဝရရှိခံစားနိုင်ကြရန် ပြောဆိုဆွေးနွေးခဲ့သည်။

ထို့နောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ ဒေါက်တာနီနီအေးက ဆေးဝါး ဥပဒေသည် ၁၉၉၂ ခုနှစ်ကတည်းက ရှိကြောင်း၊ ဆေးဝါးနှင့်ပတ်သက်၍ အသိပညာပေးမှုများကို ၂၀၁၄ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ပညာပေးကာလများအဖြစ် ပညာပေးဆောင်ရွက်နေကြောင်း၊ ဆေးဝါးများကို လိုင်စင်မရှိလျှင် မရောင်းရကြောင်း၊ စပ်ဆေးများ ရောင်းချခွင့်မရှိကြောင်း၊ ဆေးဝါးများတွင် သက်တမ်းကုန်ဆုံးရက်ပါ/မပါ ကြည့်သင့်ကြောင်းကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်ဦးကလည်း ကုန်ထုတ်လုပ်မှုနှင့် ပတ်သက်၍လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး စားသုံးသူကြိုတင်အကာအကွယ်ပေးရေးအသင်း တိုင်းတာဝန်ခံ ဒေါက်တာဇော်နိုင်က အစားအသောက်နှင့် ပတ်သက်သော ဘေးအန္တရာယ်များအကြောင်းကိုလည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ လူဦးရေ ၁၀၀ ခန့် တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအား သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၅၈၈)**


"ရန်ကုန်စီးပွားရေးတက္ကသိုလ်(၁၉၇၁ - ၇၅)သူငယ်ချင်းများ"
မိတ်ဆုံညစာစားပွဲ ဖိတ်ကြားခြင်း

ရပ်ဝေး/ရပ်နီး အနယ်အနယ်အရပ်ရပ်မှ အနှစ်(၄၀)ကျော်ခွဲခွာခဲ့ကြရတဲ့ သူငယ်ချင်းအားလုံး မပျက်မကွက် လာရောက်ကြပါလို့ ဖိတ်ခေါ်လိုက်ပါတယ်။

(၂၇-၁၂-၂၀၁၅)(တနင်္ဂနွေနေ့) အမိတက္ကသိုလ်ရဲ့ နံနက်(၇း၀၀)နာရီ ဆရာကန်တော့ပွဲ စုပေါင်းအစီအစဉ်မှာ **Eco-1971-75** သူငယ်ချင်းများက စတုဒိသာကျွေးမယ်။

(၂၇-၁၂-၂၀၁၅)(တနင်္ဂနွေနေ့) ညနေ(၆း၀၀)နာရီမှာ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီးက **M-3** စားသောက်ဆိုင် အောက်ထပ် ခန်းမမှာ မိတ်ဆုံညစာစားရင်း ဆုံကြမယ်။ ဆိုချင်၊ ကချင်၊ ပျော်ချင်သူများ ကြိုတင်ပြင်ဆင်ခဲ့ကြပါ။

ဒို့ရဲ့ရန်ပုံငွေကိုလုံးဝမသုံးသေးပါ။

ဆန္ဒရှိသူ သူငယ်ချင်းများရဲ့ ထည့်ဝင်ငွေနဲ့ စီစဉ်ခြင်းဖြစ်ပါတယ်။

ဆန္ဒရှိသူတွေလည်း ထည့်ဝင်ကြဖို့ ဖိတ်ခေါ်ပါတယ်။

**မှတ်ချက်။ လိပ်စာစာအုပ်အသစ်ပြုလုပ်ရန် ဓာတ်ပုံ(၁)ပုံစီယူခဲ့ကြပါ။**

ရန်ကုန်နယ်မြေမှ သူငယ်ချင်းများ
*Eco-1971-75*



ပေါ်ပြူလာခရီး မဟာဗုဒ္ဓဂယာခရီးစဉ်

သံဝေဇနီယ(၄)ဌာန၊ အစိရဟိတ(၄)ဌာန - စရန်ငွေ၁သိန်း + USD 750
နယူးဒေလီ၊တာ့ချ်မဟာ (၁၄ည/၁၅ရက်) နှင့်ညီမျှသောမြန်မာငွေ
FEB 12, MAR 25
Discount - 70000 kyats
*ခရီးစဉ်တစ်လျှောက်နေ့ထွေးသော ဝန်ဆောင်မှုဖြင့် ဒေသရာစုံသို့ မရှုပ်မရှင်ပို့ပေးခြင်း။ *အုပ်စုအဖွဲ့များအနေဖြင့် (၁၆)ဦးလျှင် (၁)ဦးအခမဲ့လျှော့ပေးခြင်း။
*နယ်မှခရီးသည်များအတွက် ရန်ကုန်မြို့တွင် တည်းခိုစရာအခက်အခဲရှိပါက စီစဉ်ပေးခြင်း။ *မည်သည့်အပိုကြေးမှ ထပ်မံပေးဆောင်ရန် မလိုအပ်ခြင်း။
လိပ်စာ - အမှတ်(၇၄)နှံသာလမ်း၊ အလုံမြို့နယ်၊ရန်ကုန်။ Ph: 01 2301866, 09-5129134, 09786516520



ကားမျိုးစုံငှားနိုင်ပါသည်။
ခရီးစဉ်မျိုးစုံအတွက် ကားမျိုးစုံနှင့် လချုပ်များလည်းငှားနိုင်ပါသည်။
ယဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
MT & K Tours Ph-656573
09-31065335, 09-975599880



ဆုပြည့်
ကျိုက်ထီးရိုး(နေ့စဉ်) 6+1 FREE (ရိုက်ငြိမ်း)
ချောင်းသာ(နေ့စဉ်)
ကားခသီးသန့်/ကားစီးလုံးငှားသည်
0931815390,0931815395



"SEVEN 6"
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား?
ဆယ်ဗင်း၆ နဲ့ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်။
"ပွဲခ လုံးဝ မယူပါ"
Ph: 09 - 33 333 511
09 - 33 333 514
09 - 33 333 644



တစ်ဦးတည်းဖြစ်ပါကြောင်း
အ. ထ. က(၄)လှိုင်သာယာ၊ နဝမတန်း(Eco)တွဲ အခန်း(B)တွင်ပညာသင်ကြားနေသည့် မခိုင်ဇာလွင်၏ဖခင် ကိုလတ်(၇/ဝမန(နိုင်)၀၀၀၉၅၅)နှင့် ဦးမောင်မောင်လတ်(ခ)ဦးမောင်လတ် တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း ။ ။
ကိုလတ်(ခ)ဦးမောင်မောင်လတ်(ခ)ဦးမောင်လတ်



![SIM Global Education]
SIM GLOBAL EDUCATION
A Singapore education is a step towards Global Recognition
Be Global Ready at SIM



SIM Partner Universities
RMIT University
WMG
University of Stirling
Southampton
Join us for our seminar !
Date : 29th November 2015 (Sunday)
Time : 3:00 pm to 5:00 pm
Venue : Royal Star Hotel
+65-6248-9746 study@sim.edu.sg www.simge.edu.sg facebook.com/globalsim
RVi INSTITUTE Centre for Higher Education
For information & application, please call:
RVi INSTITUTE | Tel: 01-230 5998, 01-536 260, 09-423694632



ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး
ရာဇာဇော်ဝင်း(LL.B)နှင့်သာဆက်သွယ်ပါ
ရှေးမှုမပျက်စေတဲ့လှပသောနာမည်လှလှလေးများကိုဖုန်းသာဆက်လိုက်ပါ။ကင်ပွန်းတပ်ရက်/မင်္ဂလာမော်ကွန်း/ဇာတာ/ဂဏန်းဗေဒင်အဟောများ/နက္ခတ်အဟောများ/



မိဘနာမည်တွဲသုံးပုံလမ်းညွှန်/တစ်သက်တာဟောစာတမ်းများ/ နာမည်ပေးပါရဂူဆရာကြီးနှင့်ဆက်သွယ်လျှင်ထူးချွန်သောကလေးဖြစ်စေရန် အာမခံသည်။ ရင်သွေးငယ်၏ အနာဂတ်အလုံးစုံပါဝင်သောအကြား အမြင်ဟောစာတမ်းပါဦးမည်၊ကလေးအတွက်အစုံပါသည့်အိမ်ပို့၇၀၀၀ နယ်သို့စာတိုက်မှပို့မည်။လူကြီးများလိုရာမေး ကွန်ပြူတာဖြင့်နာမည်မပေးပါ။ ကိုယ်ဝန်ဆောင်မိခင်ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။
အမှတ်(၃၅) မြေညီထပ်(၈၇)လမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။(ပိတ်ရက်မရှိ)
☎01-394727,01-399426,09-73009994,09-5152521



# ကန့်ဘလူမြို့နယ်ရှိ ကျောက်ချောလမ်း၊ကွန်ကရစ်လမ်းနှင့် တံတား တည်ဆောက်ပြီးစီးမှုအခြေအနေအား ကြည့်ရှု

**ကန့်ဘလူ နိုဝင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်အတွင်းရှိ နတ်ပေး-ဝက်တိုး(မ)-ထန်းကုန်းလမ်း ကျောက်ချောလမ်းဆောင်ရွက်ခြင်း၊ ချင်မြစ်ကျင်းကျေးရွာအဝင် သိန်ရင်ချောင်းတံတားနှင့် ညောင်ပင်ဆိပ်ကျေးရွာနှင့်ကျီကုန်းကျေးရွာကြား ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၂၄ ရက်က မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်အရည်အသွေးစစ်ဆေးရေးကော်မတီအဖွဲ့များက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ငါးမိုင်ရှည်လျားသော နတ်ပေးကျေးရွာနှင့် ဝက်တိုး(မ)ကျေးရွာကြား ကျောက်ချောလမ်းခင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ဝက်တိုး(မ)ကျေးရွာ-ထန်းကုန်းကျေးရွာလမ်းပေါ်ရှိ ငါးမိုင်ရှည်လျားသောကျောက်ချောလမ်းခင်း ဆောင်ရွက် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ချင်မြစ်ကျင်းကျေးရွာအဝင်သိန်ရင်ချောင်းတံတား ပေ ၁၂၀×၁၂ ဆောက်လုပ်နေမှုအခြေအနေများနှင့် ရှစ်မိုင်ရှည်လျားသော ညောင်ပင်ဆိပ်ကျေးရွာနှင့် ကျီကုန်းကျေးရွာချင်းဆက်လမ်းကွန်ကရစ်လမ်းခင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းလမ်းပိုင်းများနှင့်တံတားတို့ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ကွန်ကရစ်လမ်းကိုနတလဦးစီးဌာနက ဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် ၂×၄ ကျောက်စီပြီး ၁×၂ ကျောက်ညှပ်ခြင်း၊ သိပ်သည်းမှုအားကောင်းရန် လမ်းကြိတ်စက်ဖြင့်ကြိတ်ရန်လိုအပ်ပြီး လမ်းပခုံးသားဆောင်ရွက်ပြီး ဂျင်းခင်းရာတွင် ရေဖြန်းကြိတ်ရန်၊ တံတားတည်ဆောက်ရေးလုပ်ငန်းခွင် ထိခိုက်မှုအန္တရာယ်ကင်းရှင်းရေးနှင့် ကွန်ကရစ်လမ်းခင်းရာတွင်သတ်မှတ်အချိုးအစားအတိုင်းဆောင်ရွက်ရန်၊ အရည်အသွေးမပြည့်မီသော ဘိလပ်မြေများအသုံးမပြုရန်၊ ကွန်ကရစ်လမ်းတွင်သက်တမ်းမပြည့်ခင် (ဘိလပ်မြေအိပ် ချိန် ၂၁ ရက်)လှည်း၊ နွားနှင့်လူများဖြတ်သန်းသွားလာခြင်းမပြုလုပ်ကြရန် ကြီးကြပ်ပြီး စံချိန်စံညွှန်းပြည့်မီရေး သတ်မှတ်ချိန်ကာလအတွင်းပြီးစီးရေးတို့ကိုမှာကြားခဲ့သည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# သရက်သီးစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP)နည်းပညာပေး

**တံတားဦး နိုဝင်ဘာ ၂၆**

စိုက်ပျိုးရေးဦးစီးဌာန ဉယျာဉ်ခြံသီးနှံ ဟင်းသီးဟင်းရွက်နှင့်အပင်ဇီဝနည်းပညာဌာန(ရုံးချုပ်)မှ ဦးဆောင်ကျင်းပသည့် သရက်သီးနှံနှင့်ပတ်သက်၍ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့် ကောင်းများ(GAP)နည်းပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ရေခါးကျေးရွာအုပ်စု ဉမင်ကျေးရွာ အောင်ချမ်းသာဓမ္မာရုံတွင်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ဉယျာဉ်ခြံသီးနှံ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာန(ရုံးချုပ်)မှ ဒေါက်တာဒေါ်လှလှမြင့်၊ မန္တလေးတိုင်းဒေသကြီး တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ကေသီဝေ၊ မန္တလေးခရိုင် မြေအသုံးချရေးတာဝန်ခံ ထုံးဘိုရိတ်သိမ်းချိန်လွန် နည်းပညာပေးသင်တန်းကျောင်း မြနန္ဒီခြံမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံသုတေသနဌာနမှ စိုက်ပျိုးရေးပညာရှင်များ၊ ကျေးရွာတောင်သူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမင်းက အမှာစကားပြောကြားပြီး ဉယျာဉ်ခြံသီးနှံ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနမှ ဒေါက်တာဒေါ်လှလှမြင့်က ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ ဆောင်ရွက်ထားရှိမှုတို့ကို ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး တိုင်း သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်ကေသီဝေက သရက်သီးနှံတွင် ကျရောက်သော ပိုးမွှားရောဂါများ ပိုးသတ်ဆေး စနစ်တကျကိုင်တွယ်သုံးစွဲရေး သရက်(GAP)စိုက်ပျိုးရေးနည်းစနစ်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

**ရဲတင့်(ပြန်/ဆက်)**

## အထက်တန်းကျောင်းဝင်းရှိလမ်းများပြုပြင်ပြီးစီး

**ကန့်ဘလူ နိုဝင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့အမှတ်-၁ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ကတ္တရာခင်းခြင်းလုပ်ငန်းများ၊ လမ်းပခုံးသားဂျင်းမြေဖို့ခြင်းများမှာ နိုဝင်ဘာ ၂၃ ရက်တွင် ပြီးစီးသွားပြီးဖြစ်ကြောင်း သိရသည်။

"မိုးရာသီရောက်တိုင်း ကျောင်းဝင်းမှာ ရွှံ့ဗွက်တွေရှိတယ်။ အခု အဆင်ပြေစွာပညာသင်ကြားနိုင်ဖို့ ကျွန်တော်တို့ကျောင်းသား ဟောင်းတွေက ဦးဆောင်ပြီး ကျောင်းသားမိဘများ၊ ဆရာ၊ ဆရာမများ၊ အဝေးရောက်ကျောင်းသားဟောင်းတွေကစုပေါင်းလှူဒါန်းငွေနဲ့ ကတ္တရာလမ်းခင်းခြင်း ဖြစ်ပါတယ်" ဟု အမှတ်-၂ ရပ်ကွက်နေ ကျောင်းသားဟောင်းဦးသိန်းဝင်းက ပြောသည်။

အဆိုပါလမ်းသည် ပေ ၇၀၀×၁၂ ရှိပြီး စုစုပေါင်းကျပ် ၄၃၁၅၀၀၀ ကုန်ကျခဲ့ပြီးမြို့နယ်စည်ပင်သာယာရေးကော်မတီက ကတ္တရာထောက်ပံ့ပေးခဲ့သည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ရိုခေါဒါရ်မြို့၌ နိုင်ငံသားကတ်များထုတ်ပေး

**ရိုခေါဒါရ် နိုဝင်ဘာ ၂၆**

ချင်းပြည်နယ် ရိုခေါဒါရ်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ အခြေခံပညာအထက်တန်းကျောင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးခြင်းကို နိုဝင်ဘာ ၂၃ ရက်က အဆိုပါကျောင်း၌ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိဆောင်ရွက်ပေးခြင်းကို ရိုခေါဒါရ်မြို့ အုပ်ချုပ်ရေးမှူး ဦးပေါင်ဒိတ်တုန်း၊ မြို့နယ်လ-ဝ-ကဦးစီးမှူး ဦးဆန်ထန်ခါးရ်တို့နှင့်ပညာရေးဌာနတို့တို့ပူးပေါင်းကာ အသက် ၁၀ နှစ်အထက်ရှိ ကျောင်းသား၊ကျောင်းသူ စုစုပေါင်း ၉၅ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြား အသစ်ရရှိရေးအတွက် အခမဲ့ဆောင်ရွက်ပေးကြောင်း နှင့် အခြားသော စာသင်ကျောင်းများ၌လည်း ဆက်လက်ထုတ်ပေးသွားမည်ဖြစ်သည်။

**ဇိုဟေဆာ**

ဓမ္မအလင်း တရားအသံတော်ဖြန့်ချိရေး
(MP3 စက်၊ USB-Micro Stick) တရားအသံတော်များကို သက်သာသောနှုန်းဖြင့် ဆောင်ရွက်ပေးပါသည်၊ 01 - 200747-1315
09 - 73009841
ဆိုင်အမှတ် L - 7 - ယုဇနပလာဇာ၊ မြေညီ၊ ဝင်ပေါက် (22)

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209077, 209388

သုံးရာသီ ဓမ္မဒါန
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကက္ကူ၊ ထန်စန်း(ထမင်းကျွေး-၅၀၀၀၀ိ/-)
ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ
(တစ်ဦး-၄၀၀၀၀ိ/-)
Nov - 25
Dec - 4
☎ 420144148, 421153797

တစ်အိတ်ဝယ်ရင် ပိုငွေပေးပါတယ်
ပေါ်ဆန်းမွှေးနှစ်အိတ်ဝယ်လျှင် T ရှပ်တစ်ထည်ယူပါ။
09-73077711 ☎ 01-682844
09-43334222 ☎ 01-682944
စိတ်ကောင်းကြည့်လင် ချန်ပီယံပေါ်ဆန်းမွှေး



ကြော်ငြာ

မန်ကောက်ပတ္တရား (6D/5N) Dec.29~Jan.03 USD-650
ဟောင်ကောင်ရှန်ဟိုင်း (7D/6N) Dec.25~31 USD-1480
စင်ကာပူ (4D/3N) Dec.29~Jan.01 USD-699
ကိုရီးယား (8D/7N) Dec.26~Jan.02 USD-2100
ဗီယက်နမ် (6D/5N) Dec.22~27 USD-890
ဘာလီစင်ကာပူ (7D/6N) Dec.25~31 USD-1500
မကာအိုဟောင်ကောင် (7D/6N) Dec.25~31 USD-1500
ဒူဘိုင်း (6D/5N) Dec.28~Jan.02 USD-2200
ဂျပန် (8D/7N) Dec.28~Jan.04 USD-2700
ဩစတြေးလျ (10D/9N) Dec.24~Jan.02 USD-4800

အမှတ် (၁၀၉)၊ (ပ) ထပ်၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း၊ ဖက် (စ်) ၀၁ – ၂၅၀၇၃၄၊ ၃၇၈၁၂၇၊ ၃၇၈၅၀၃

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး ချောင်းသာ/ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

မိုးမြင့်ကြယ်
ကျိုက်ထီးရိုး (မြန်း) 33000
ချောင်းသာ Hotel(မြန်း) 35000 / 45000
ငွေဆောင် (Hotel+ကား) 45000
ကားမျိုးစုံစင်းလုံးငှားစီစဉ်ပေးသည်။
01-549380,09-5093704,09-450012971

## "ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့"

သံဝေဇနီယလေးဌာန (အိန္ဒိယ/နီပေါ) ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကို(၂၀၀၃-၂၀၀၄)ခုနှစ်မှစတင်ကာ (၁၃နှစ်) တိုင်အောင်မြင်စွာပို့ဆောင်ပေးခဲ့သော **"ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့"** သည် (၁၂ရက်-၁၅ရက်) ခရီးစဉ်များကိုဝန်ဆောင်မှုပြည့်ဝစွာဖြင့်စိတ်ချမ်းသာစွာဘုရားဖူးသွားလိုသော ရပ်နီး ရပ်ဝေးမှဓမ္မမိတ်ဆွေများအား ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ပါကြောင်းနှိုးဆော်အပ်ပါသည်။

**(၁၄ည/၁၅ရက်) ခရီးစဉ်များတွင်နယူးဒေလီ၌ဟိုတယ် (၂) ညတည်းခိုမည်ဖြစ်ပါသည်။**

(၁) ၉.၁၂.၂၀၁၅ (၂) ၆. ၁.၂၀၁၆ (၃) ၂၀. ၁.၂၀၁၆ (၄) ၂၅. ၁.၂၀၁၆ (၅) ၁. ၂.၂၀၁၆
(၆) ၈. ၂.၂၀၁၆ (၇) ၁၅. ၂.၂၀၁၆ (၈) ၂. ၃.၂၀၁၆ (၉) ၁၄. ၃.၂၀၁၆ *နေ့တွင်ထွက်ခွာပါမည်။*

ဆက်သွယ်ရန် - အမှတ် (၄၄)၊ လမ်းသစ်လမ်း(မော်တင်လမ်း)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
☎ - 211944, 211955, 225915, 225989, 222720, 229315, 227702, 227703.

## နှစ်ပတ်လည်အစည်းအဝေးများဖိတ်ကြားခြင်း

မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံပုစွန်မွေးမြူထုတ်လုပ်၊ ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံကဏန်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ငါးရှဉ့်လုပ်ငန်းရှင်များအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁၄-၁၂-၂၀၁၅ရက်(စနေနေ့)
ကျင်းပမည့်အချိန် - ၁၇း၃၀ နာရီ
ကျင်းပမည့်နေရာ - INYA LAKE HOTEL, 37 Kaba Aye Pagoda Road, Yangon

**အလုပ်အမှုဆောင်အဖွဲ့**

Abank
Ayeyarwaddy Farmers Development Bank




Panasonic ၏ အဆင့်မြင့် နည်းပညာဖြင့်ထုတ်လုပ်ထားသော
Air Conditioner များ တပ်ဆင်အသုံးပြုထားသည့်
ရာဇဝင်တောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ် Abank အား
အမှတ်(၃၃)၊ မဟာဗန္ဓုလလမ်းနှင့် မြို့ပြဟောင်းလမ်းထောင့်၊ အမှတ်(၃)ရပ်ကွက်၊ ပုသိမ်မြို့ ၌
၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက်နေ့တွင် အောင်မြင်ခမ်းနားစွာ ဖွင့်လှစ်နိုင်သည့်အတွက်
ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

by, Infinity Investment Co., Ltd., a distributor of Panasonic

LCCI - EDI (UK) မှချီးမြှင့်သောဂုဏ်ထူးဆောင်သင်တန်းကျောင်း
ပညာရေးဝန် ဆောင်မှုလုပ်ငန်း
LCCI Level 1-2-3 စာရင်းကိုင်သင်တန်း
2016-June Series တန်းခွဲသစ်များ(12.12.2015) စမည်။
09-5118647-73009869-73013432-73028433

ATP အောင်သပြေ City Center
Aung Tha Pyay ဟိုတယ်-၁ တွင်
မြန်မာပြည်တွင်း ဧည့်သည်များကို
25-11-15 မှ 31-12-15 နေ့အထိ
30% အထူးလျှော့ဈေးဖြင့်
တည်းခိုနိုင်ပါပြီ။ အမှတ်(၇၄/၈၀)၃၀-လမ်း၊
ကုန်သည်လမ်းထိပ်အနီး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



## ဦးနိုင်စိုး(၁၂/သဃက(နိုင်)၀၈၇၂၀၂)နှင့်အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃-ရပ်ကွက်၊ ကောလိယ(၂၆)လမ်း၊ အမှတ်(၁၈၇)နေထိုင်သူ ဒေါ်ငွေငွေ(၁၂/ဥကတ(နိုင်)၀၆၇၆၀၂)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးနိုင်စိုး(၁၂/သဃက(နိုင်)၀၈၇၂၀၂)နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငွေငွေနှင့်လူကြီးမင်းဦးနိုင်စိုး(ဦးစိုးမှူး)မြဝတီတို့သည် ၁၉၉၆ခုနှစ်တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ သားဖြစ်သူ မောင်ထက်နိုင်ဦး(၁၇)နှစ်ကို မွေးဖွားထွန်းကားခဲ့ပါသည်။

ယခုအခါ ဦးနိုင်စိုးနှင့်ကျွန်ုပ်၏မိတ်ဆွေဒေါ်ငွေငွေတို့သည် ၃-၄-၂၀၁၅ရက်တွင် ကရင်ပြည်နယ်၊ မြဝတီမြို့နယ် တရားရုံးတွဲဖက်မြို့နယ် တရားသူကြီးရှေ့မှောက်တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို အသိသက်သေများနှင့် ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းဦးနိုင်စိုးနှင့် ကျွန်ုပ်မိတ်ဆွေဒေါ်ငွေငွေတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှဆက်စပ်သက်ဆိုင်ခြင်းအလျဉ်းမရှိတော့ဘဲ နောက်နောင်ကိုလည်း တစ်ဦး၏ကိုယ်ရေးကိုယ်တာကိစ္စဟူသမျှ ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်းအလျဉ်းမပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ဦးနိုင်စိုး(၁၂/သဃက(နိုင်)၀၈၇၂၀၂)နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသိန်းတန်** LL.B, D.M.L. DAPsy, DIL, DBL
**စာပေဗိမာန်(အငြိမ်းစား)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၄၀)**

**အိမ်-** တိုက်အမှတ်(၇၇၆)၊ မြေညီထပ်(၂)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၃၀၈၇၃၊ ၀၉-၂၆၀၀၅၀၄၂၆
**ရုံး-** ရှေ့နေများနားနေခန်း၊ မြို့နယ်တရားရုံး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၃၇၉၅၆၆

ကြော်ငြာ

# ကမ္ဘာ့အကြီးဆုံးနဂါးတိုးထောင် နဂါးရုံစကြဝဠာလောကချမ်းသာ ရပ်တော်မူဘုရားကြီး၏ ဘုရားဒါယကာ၊ဒါယိကာမများ ဖိတ်ကြားခြင်း


ဘုရားဒါယကာ၊ဒါယိကာမအပေါင်းတို့ - ရန်ကုန် - နေပြည်တော် အမြန်လမ်း၊ ဖြူးမြို့နယ်(၁၁၅)မိုင် ကားရပ်နားဝင်းအနီးရှိ ဣန္ဒိပါလတောင်တွင်ဆရာတော် အရှင်ဣန္ဒိပါလမှဦးစီးပြီး တည်ထားကိုးကွယ်မည့် အလျားပေ(၆၀)၊ အမြင့်ပေ(၁၅၀) ရှိနဂါးကိုးကောင် နဂါးရုံဘုရား စကြဝဠာလောကချမ်းသာဘုရားကြီး၏ တည်ဆောက်မည့်အင်္ဂါ အစိတ်အပိုင်းများကိုကုန်ကျစရိတ်တန် ဖိုးသတ်မှတ်ချက်များနှင့်အတူ တင်ပြလျက် ဘုရားအလှူရှင် ဒါယကာ၊ဒါယိကာမများအနေဖြင့်မိမိနှစ်သက်ရာ မိမိလှူဒါန်းလိုသည့် - တန် ဖိုးသတ်မှတ်ချက်များနှင့် အင်္ဂါအစိတ်အပိုင်းများကို ကိုယ်တိုင်ကိုယ်ကျ ကမ္ဘည်းထိုး၍လာရောက်လှူဒါန်းနိုင်ပါသည်။

စကြဝဠာလောကချမ်းသာဘုရားကြီးတည်ဆောက်မည့်ကျောက် အမျိုးအစားမှာ မြတ်စွာဘုရားပွင့်တော်မူရာ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမြေမြတ်အနီးရှိ နီညိုရောင် ကျောက်တောင် မှကျောက်အမျိုးအစားများဖြင့် တည်ထားကိုးကွယ်မည်ဖြစ်ပါသည်။ သက်ရှိထင်ရှားမြတ်စွာဘုရားအိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ကြွလာတော်မူပြီး ရပ်တော်မူ သည့်ဟန်ပန်ကို တည်ထားကိုးကွယ်မည်ဖြစ်ပါသည်။

သို့ပါသောကြောင့် စေတနာ သဒ္ဓါတရားထက်သန်သော ဘုရားဒါယကာ၊ဒါယိကာမ (၇)ရက် သား/သမီးများ (ဣန္ဒိပါလတောင်ဆရာတော်နှင့်ပဋ္ဌာန်းဆက်ရှိသူများ) အားလုံးအား နိဗ္ဗာန်အကျိုးမျှော်၍ လေးစားစွာဖိတ်မန္တက ပြုအပ်သည် သူတော်ကောင်းအပေါင်းတို့ .........


(ဣန္ဒိပါလတောင်ဆရာတော်)

ဆက်သွယ်လှူဒါန်းရန် - ဦးသန်းထွန်း(၁၁၅)မိုင်။ ဖုန်း - ၀၉၄၂၀၇၁၁၀၆၇၊ ၀၉၂၅၉၀၄၂၇၆၂ နှင့် ဗိုလ်ကြွယ်စာပေ - အမှတ်(၂၂၆/၂၃၂)၊ ၃၆လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၂၃၀၅၂၂၊ ၀၉ ၇၃၀၄၈၈၁၉ သို့ဆက်သွယ်လှူဒါန်းနိုင်ပါသည်။



FRONT ELEVATION

## စကြဝဠာလောကချမ်းသာဘုရား




စုစုပေါင်းတန်ဖိုး – ၂၄၆၄၀ သိန်း

awba

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၂၀)ရက်နေ့၊ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၂၇)ကြိမ်မြောက် အာဆီယံနှစ်ပတ်လည် ထိပ်သီးအစည်းအဝေးတွင်

**၂၀၁၅ ခုနှစ်အတွက် စွန့်ဦးတီထွင် လူငယ်လုပ်ငန်းရှင် ပထမဆု**

ASEAN Young Entrepreneur Award (2015) ကို

မြန်မာ့သြဘာလုပ်ငန်းစု၏ကြီးထွားမှုနှုန်း (Growth) ၊ဝန်ထမ်းအရည်အသွေးနှင့် အင်အား (Employment)၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု (Innovation)၊ လူမှုရေးအကျိုးပြု လုပ်ငန်းများ ဆောင်ရွက်မှု (Corporate Social Responsibility) များအပေါ်တွင် အခြေခံ၍ အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံအနက်

Myanma Awba Group ၏ Founder and Chairman

## ဦးသတိုးဟိန်း

မှ ထိုက်ထိုက်တန်တန်လက်ခံရရှိခြင်း အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း . . .

ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ

**မြန်မာ့သြဘာလုပ်ငန်းစု**

asean
ASEAN BUSINESS AWARDS

# ကြော်ငြာ


**ရွှေစီးကွက် Travels**

ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်) ချော/မြို 8000 ချော/မြို 12000 Package စီစဉ်ပေးပါသည်။

- တောင်ကြီး အင်းလေး ပင်းတယ (၄)ရက် 50000 Fully Air-con Express, Dec 4/11
- မန္တလေး မေမြို့ ပုံရွာ ကျောက်စိမ်းဘုရား (၅)ရက် 60000 ◆ မန္တလေး မေမြို့ ကျောက်စိမ်းဘုရား 50000
- ပုဂံ ညောင်ဦး ပုပ္ပါး Hotel 70000 Guest 60000 ◆ မော်လမြိုင် ကျိုက်(၅)ကျိုက် ဆောက်၍
- ကျောက်ဆည် မန္တလေး ကျောက်စိမ်းဘုရား (နေ့စဉ်) 35000 ◆ ဘားအံ-ဂူ(၅)ဂူ (၃)ရက် 43000

ဖုန်း 09423722092, 0943197550

**ချမ်းမြိုင်းသစ္စာ** 562829, 09-73198239 / 569782, 09-450006779

ကျိုက်ထီးရိုး (နေ့စဉ်)

ချောင်းသာ (နေ/ည-နေ့စဉ်)

ငွေဆောင် (သောကြာ)

**မြန်မာမြတ်ချယ်ရီ Travel & Tours Co.,Ltd**

ကိုရီးယား $ 990 ၊ ဗန်ကောက် $ 330 ၊ ဗီယက်နမ် $ 350 ၊ ဘာလီကျွန်း $ 880 ၊ ကိုရီးယား-ဂျပန်၊ ဗီယက်နမ်-ကမ္ဘောဒီးယား 6D/5N $ 535 ၊ မော်လ်ဒိုက်၊ ထိုင်ဝမ်၊ စင်ကာပူ

၁၂၂/၁၂၄၊ ကျိုက္ကဆံလမ်း၊ တာမွေ။ အပြီးအစီး Package

01-551240, 09-73160843, 09-5003647

**SST ဝန်ထမ်းအလိုရှိသည်**

Marketing Manager

အမျိုးသား (၁)ဦး

- အောက်မြန်မာပြည် ဈေးကွက်ကျွမ်းကျင်သူဖြစ်ရမည်၊ အတွေ့အကြုံအနည်းဆုံး (၅) နှစ်ရှိပြီး ဈေးကွက်မဟာဗျူဟာ ရေးဆွဲနိုင်သူဖြစ်ရမည်။

အမှတ်(၄၉၂) သစ္စာလမ်းမကြီး၊ တောင်ဥက္ကလာပမြို့နယ်။ ရန်ကုန်မြို့။ ☎ ၀၉-၅၁၄၄၅၆၆၊ ☎ ၀၉-၉၁၀၄၄၅၅၅


## ဖိတ်ကြားလွှာ

St. Philomena's Convent နှင့် အထက(၂) စမ်းချောင်း၏ အသက်(၆၀)ပြည့် အငြိမ်းစားဆရာမကြီးများအား (၁၇) ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အငြိမ်းစားဆရာမကြီးများနှင့် ကျောင်းသား/ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၀-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့)

အချိန် - နံနက် ၉း၀၀နာရီ

နေရာ - အထက (၂) စမ်းချောင်း၊ စံပယ်ခန်းမ

အလှူငွေထည့်ဝင်လိုသူများနှင့် အကြံပြုဆွေးနွေးလိုသူများ ကျောင်းရုံးခန်း ဖုန်း-၀၁-၅၃၅၄၉၇သို့ ဆက်သွယ်လှူဒါန်း အကြံပြုနိုင်ပါသည်။ ပူဇော်ပွဲနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ရေး အစည်းအဝေးများကို အထက(၂)စမ်းချောင်း၊ ပညာ့ဗိမာန်ခန်းမ၌

၄-၁၂-၂၀၁၅ရက်(သောကြာနေ့) နံနက် ၁၀း၀၀နာရီ

၁၄-၁၂-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀နာရီ

၆-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀နာရီ

ပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား/ကျောင်းသူဟောင်းများ စုံစုံညီညီ တက်ရောက်ကြပါရန် နှိုးဆော်ပန်ကြားအပ်ပါသည်။

**အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီ**

## နိုဝင်ဘာသားအမိအတွက်မွေးနေ့ဆုမွန်

၂၇-၁၁-၂၀၁၅ရက်တွင် ကျရောက်သော ချစ်မေမေ ဒေါ်သန်းသန်းခွဲ့(လူမှုထူးချွန်-တတိယဆင့်)နှင့် ၂၈-၁၁-၂၀၁၅ရက်တွင် ကျရောက်သော သားငယ် မောင်ကောင်းထက်ဦး-တံတားဦးစီး(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရုံးချုပ်)တို့၏ မွေးနေ့ရက်မြတ်များမှသည် နောင်နှစ်ပေါင်း (၁၂၀) တိုင်အောင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် လိုအင်ဆန္ဒများ ပြီးပြည့်စုံပြီး ချစ်သောဖေဖေ၊ ချစ်သော ညီအစ်ကိုမောင်နှမများနှင့်အတူ ပျော်ရွှင်သာယာသောဘဝကို လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းရင်း-

**ချစ်ဖေဖေ - ဦးမြင့်ဦး(စီမံထူးချွန်တတိယဆင့်)**

**ချစ်သော - ညီအစ်ကိုမောင်နှမများ**


**GOLDEN STAR ခရီးသွားလုပ်ငန်း**

- ကျိုက်ထီးရိုး(နေ့စဉ်) (သံလျက်/သီလရှင်အဆုံး)
- ချောင်းသာ / ငွေဆောင်(နေ့စဉ်)

Ph: 209200, 544383, 430480, 705968, 703448

Budget Tour အဆင့်မြင့်ခရီးသွားလုပ်ငန်း 09264450022/33

(30000 ကျပ်) (35000 ကျပ်) (115000 ကျပ်) (120000 ကျပ်) (110000 ကျပ်)

## ဝမ်းတော်ပြည့်ပညာဒါန

**L.C.C.I Level I & II စာရင်းကိုင်သင်တန်း**

စာရင်းကိုင်ပညာကို အခြေခံမှစ၍ အင်္ဂလိပ်စာမေးပွဲကို ထူးချွန်စွာအောင်မြင်သည်အထိ သင်ကြားပေးမည်။

သင်တန်းဖွင့်မည့်နေ့ ။ ၁၃.၁၂.၂၀၁၅(အင်္ဂါနေ့)ဖွင့်မည်။ (တန်းခွဲ-ဂ)

သင်တန်းချိန် ။ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး နံနက်(၇း၃၀)မှ(၉း၃၀)ထိ။

သင်တန်းတက်ရောက်လိုသူများသည် ဝမ်းတော်ပြည့် ဘုန်းတော်ကြီးကျောင်း၊ တောင်ဥက္ကလာပမြို့နယ်ပင်းယမှတ်တိုင်၊ ပါရမီလမ်း၊ အမှတ်(၃)ဝိုင်း။ ဖုန်း-09795625290, 095410909, 095088264 သို့ ဆက်သွယ်မေးမြန်း၍ ကြိုတင်စာရင်း သွင်းတက်ရောက်သင်ယူနိုင်ပါသည်။

အမှတ် (10)A ၊ မြေညီထပ်၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

Ph - 01-200133/392216

ကျောပိုးအိတ် + ထမင်းချိုင့်အိတ် + ခဲတံအိတ်

(၃)မျိုးတစ်စုံ (1500) ကျပ်



**Mingalar Cinemas**

www.facebook.com/mingalarcinemas

| သမ္မတ | သွင် | မင်္ဂလာ(၁) | မင်္ဂလာစံပြ |
|---|---|---|---|
| ၀၁-၂၅၆၉၆၂ | ၀၁-၃၇၂၅၄၅ | ၀၁-၂၄၃၀၅၅ | |
| Top Royal | ဝင်းလိုက် | ငြိမ်း | မင်္ဂလာထွန်းသီရိ |

ကြိုတင်လက်မှတ်ရောင်းပြီ

၂၇၊ ၁၁၊ ၂၀၁၅ ရက်မှ စတင်၍တစ်ပြိုင်တည်းပြပြီ။

ပြမည်

ပွဲချိန်သတ်မှတ်ပြ > ၁၀း၀၀ နာရီ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ



Aiming For Success

**MYANMAR NOBLE COLLEGE**

edexcel Approved Centre No.93711

- UK နိုင်ငံ Edexcel ပညာရေးအဖွဲ့အစည်း၏ Higher National Diploma (HND) , January Intake (7.1.2016) ရက်နေ့ တွင်ဖွင့်လှစ်သွားရန်ရှိပါသည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများနှင့် LCCI Level(3), GCE 'O' Level ပြီးစီးသူများ အောက်ပါဘာသာရပ်များကိုရွေးချယ်တက်ရောက်နိုင်ပါသည် -
  - Construction and the Built Environment (Civil)
  - Mechanical
  - Electrical & Electronics
  - Business
  - Computing (IT)

January Intake Scholarships & Discounts

- Myanmar Noble College မှ BTEC (HND) Diploma ဘွဲ့ရရှိပြီးလျှင် UK နိုင်ငံ University of Portsmouth, University of the West of England, Singapore နိုင်ငံ PSB Academy, MDIS တို့အပြင် ထိုင်း နှင့် မလေးရှားနိုင်ငံရှိ တက္ကသိုလ်များတွင် တက်ရောက်၍ B.Eng, B.Sc(Hons:)နှင့် BA(Hons:) ဘွဲ့များရယူနိုင်ပါမည်။

ဇန်နဝါရီလတန်းခွဲသစ်အတွက် ပညာသင်ဆုနှင့် ဒီဇင်ဘာလတွင် အပ်နှံသူများအတွက် Discount များရယူနိုင်ရန်အတွက် အသေးစိတ် စုံစမ်းမေးမြန်းနိုင်ပါသည်။

စုံစမ်းရန်: 01-220476, 09-73163975, 09-780639577 အမှတ်(၁၁၈) ၊ နှင်းဆီလမ်း (အထက်) ၊ အလုံမြို့နယ် ၊ ရန်ကုန်။

www.myanmarnoblecollege.com.mm

**စိန်ရောင်ခြည်**

၁၄ည/၁၅ရက်ခရီးစဉ်(Dec 11,25 Jan13),၅ည/၈ရက်ခရီးစဉ်(Dec 11,21 Jan1)

ရန်ကုန်ရုံးချုပ်ဖုန်း -၀၁-၂၅၁၂၆၂၊ ၂၅၂၀၀၉၊ ၂၅၀၇၀၀၊ ၃၇၇၅၆၃၊ ၃၈၈၃၀၃၊
မန္တလေးရုံးခွဲဖုန်း -၀၉-၄၀၂၆၉ ၄၈၄၈၊ ၀၉-၈၆၁၀၀ ၂၀၈၊

Hmwe Taunggyi Business Group Co.,Ltd.
Hot Line - 01-200952

**သာကီနွယ်** ဗုဒ္ဓဂယာ ဘုရားဖူး၊ ဆောင်ရေး

Special promotion ခရီးစဉ် ထွက်ခွာမည့်ရက်များ - ၂၅.၁၂.၂၀၁၅၊ ၁၃.၁.၂၀၁၆၊ ၃.၂.၂၀၁၆၊ ၂၉.၂.၂၀၁၆၊ ၂၀.၃.၂၀၁၆၊ ၁.၄.၂၀၁၆

ရန်ကုန်(ရုံးချုပ်) - အမှတ်(၁၀၅)၊ ၁၂၃ လမ်း၊ သိမ်ဖြူကားမောင်းတွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၀၀၉၅၂၊ ၀၉-၅၂၁၁၄၀၂၊ မန္တလေးရုံး - ၀၉-၇၈၅၂၁၁၄၀၂၊
တောင်ကြီးရုံး- ၀၈၁-၂၀၀၀၇၃၊ ၀၈၁-၂၁၂၂၄၀၂

MIC
edexcel
Myanmar Imperial College



တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများအတွက်
HND Business / Advertising & Branding / Hospitality & Tourism
BA Business & Management / Marketing Management / Tourism Management

မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးလုပ်ငန်းရှင်များအတွက်
MBA Master of Business Administration
DBA Doctor of Business Administration

+ ဗြိတိန်နိုင်ငံ University of Northampton မှ တိုက်ရိုက်ပေးအပ်သော နိုင်ငံတကာအသိအမှတ်ပြု Diploma, Bachelor နှင့် Master Qualifications
+ ပြည်တွင်းပြည်ပမှ Professors၊ Lecturers နှင့် အတွေ့အကြုံရှိ စီးပွားရေးပညာရှင်များ
+ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကျောင်းဝင်း
+ အဆင့်မြင့် Library နှင့် Facilities များ

THE UNIVERSITY OF NORTHAMPTON

November Intake!
09 732 10001 / 09 4211 00222
အမှတ် (၁) ဈေးပြောက်လမ်း၊ (ဦးဝိစာရအဝိုင်းအနီး)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

**သမဝါယမတက္ကသိုလ်(သန်လျင်) နှင့် WISE College တို့ ပူးပေါင်းဖွင့်လှစ်သော Business Management Higher Diploma (အမှတ်စဉ် -၄) သင်တန်းအတွက် သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း**

အောက်ဖော်ပြပါ Business Management Diploma သင်တန်းများကို (၁၂.၁၂.၂၀၁၅) နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

1. Business Management Higher Diploma
2. Business Management Advanced Diploma

(၁) Business Management Higher Diploma သင်တန်းများကို အသက်၁၆နှစ်ပြည့်ပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုထားသူများ၊ တက္ကသိုလ်တစ်ခုခုတွင် တက်ရောက်နေသူများ၊ ဘွဲ့တစ်ခုခုရရှိပြီးသူများ၊ လုပ်ငန်းခွင်တွင် လုပ်ကိုင်နေသူများ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နေသူများ တက်ရောက်နိုင်ပါသည်။

(၂) သင်တန်းများကို အပတ်စဉ် စနေ နှင့် တနင်္ဂနွေနေများတွင် တက်ရောက်ရမည်ဖြစ်ပါသည်။ ဖြေဆိုအောင်မြင်ပြီးပါက သမဝါယမတက္ကသိုလ် (သန်လျင်) နှင့် WISE College တို့ ပူးပေါင်းပေးအပ်သော Diploma လက်မှတ်ကို ရရှိမည်ဖြစ်ပါသည်။

(၃) ၎င်း Diploma သင်တန်းများ အောင်မြင်ပြီးဆုံးပါက UK နိုင်ငံမှပေးအပ်သော နိုင်ငံတကာအသိအမှတ်ပြု ABE Diploma စာမေးပွဲများကို ဆက်လက်တက်ရောက်ဖြေဆိုနိုင်ပါသည်။

(၄) ထူးချွန်စွာအောင်မြင်သူများကို On Job Training (OJT) နှင့် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း တာဝန်ယူ ရှာဖွေပေးသွားပါမည်။

ပညာအရည်အချင်းအထောက်အထားမှုရင်းနှင့် မိတ္တူ(၂)စုံ၊ ဓါတ်ပုံ(၃)ပုံတို့နှင့်တကွ (၆.၁၂.၂၀၁၅)နေ့နောက်ဆုံးထား၍ WISE College တွင် စာရင်းပေးသွင်း အပ်နှံနိုင်ပါသည်။

WISE College (1009 A/B)၊ ၁၀လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်။
ဖုန်းနံပါတ် – ၀၉ ၂၅၃ ၅၂၈ ၅၂၁၊ ၀၉ ၂၅၃ ၅၂၈ ၅၂၀

"We are not selling Education"

FAME
Nature A®
Carotenoid complex
သဘာဝ ဆေး
TMR 009439 (1014)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
Phototec®
Natural antioxidant for eye
မျက်စိဆေး
TMR 008234 (1115)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

**N-Car Co; မှ အောက်ပါဝန်ထမ်းများ အလိုရှိသည်**

1.Sales and Marketing (ကျား/မ)

ကားအရောင်းအဝယ်အတွေ့အကြုံရှိသူကို ဦးစားပေးမည်။ CV Form နှင့်တကွ လာလျှောက်ရန်။

အသက်(၂၀)အထက်ရှိရမည်။ မင်္ဂလာဒုံမြို့နယ်အနီး နေထိုင်သူဦးစားပေးမည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၄၀၁၆၀၄၂၈၂၊ ၀၉-၄၂၂၅၀၇၅၆၂
လိပ်စာ-အမှတ်(၈)၊ A-1လမ်း၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ မင်္ဂလာဒုံ။

**ဝန်ထမ်းအလိုရှိသည်**

ညောင်တုန်းမြို့၊ ဗိုလ်မြတ်ထွန်းတံတားအနီး၊ စားသောက်ဆိုင်တွင် တရုတ်အစားအစာ၊ ယိုးဒယားအစားအစာ ကျွမ်းကျင်စွာချက်ပြုတ်တတ်သော Chief Cook နှစ်ဦးအလိုရှိသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်
(၁)၀၉-၅၁၃၁၂၉၄
(၂)၀၉-၅၀၃၃၃၇၄


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

[illegible]

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ


ဂုဏ်ရည်

**ဂုဏ်ရည်ဆေးတိုက်**

မူ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အောက်ပါရောဂါများအတွက် အစွမ်းထက် တိုင်းရင်းဆေးများ ရရှိနိုင်ပါသည်။

ဝရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊ အဆစ်ရောင်ကိုက်ခဲလေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ရှောင်းဆိုးရင်ကျပ်၊ အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊ အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့် အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။



အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။) ဖုန်း-၀၁ ၆၄၂၆၈၂၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၀၅၀၀၅၀

Hot Line No-0930500100

# သာမညဖလ အခါတော်နေ့ ဒါန၊ သီလ၊ ဘာဝနာ ပြုကြသူငါများဖြင့် စည်ကားများပြား





သတင်း » ရီရီမြင့်၊ ဥမ္မာသန့် ဓာတ်ပုံ » ရဲထွဋ်

**ရန်ကုန် နိုဝင်ဘာ ၂၆**

တန်ဆောင်မုန်းလသည် တန်ဆောင်တိုင်မီးထွန်းညှိပူဇော်ပွဲကျင်းပသည့်လ၊ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပသည့်လ၊ ဗုဒ္ဓဘုရားရှင်အား ရည်မှန်း၍ မသိုးရွှေကြာသင်္ကန်းကပ်လှူပွဲများကျင်းပသည့်လ ဖြစ်သကဲ့သို့ တန်ဆောင်မုန်းလပြည့်နေ့ည၌ မြတ်စွာဘုရားရှင်က အဇာတသတ်မင်းကြီး အမှူးပြုသော ပရိသတ်တို့အား ရဟန်းပြုရသောအကျိုးကိုပြသည့် သာမညဖလ သုတ်တရားတော်ကိုဟောကြားတော်မူသည့် သာမညဖလအခါတော်နေ့ဖြစ်ခြင်း ကြောင့် ယနေ့ တန်ဆောင်မုန်းလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူး နေ့မြတ်ကြီးတစ်နေ့ဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ○**

# ကေတုမတီ(တောင်ငူ)မြို့တည် နန်းတည် (၅၀၅)နှစ်ပြည့် ဝင်းခင်းသဘင် ကျင်းပ



ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် (၅၀၅)နှစ်ပြည့် အထိမ်းအမှတ်ပွဲ ကျင်းပနေစဉ်။

သတင်း - သီဟသူ၊ ဓာတ်ပုံ - ဘအေး

**တောင်ငူ နိုဝင်ဘာ ၂၆**

တောင်ငူမြို့၏ မြို့တည် နန်းတည် (၅၀၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် တောင်ငူခေတ် ယဉ်ကျေးမှုထီးနန်းရိုးရာအစဉ်အလာအတိုင်း ရာဇာဝင်းခင်းသဘင်ကြီးကို ယင်းခေတ်၏ မြန်မာ့ရိုးရာအသုံးအဆောင် ဆင်ယင်ထုံးဖွဲ့မှုများဖြင့် ရာဇဝင်ပါ တပ်အောင်ပွဲအတိုင်း နိုဝင်ဘာ ၂၆ ရက်တွင် တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်း ကေတုမတီ မုခ်ဦးအနီးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ပထမဦးစွာ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နာမည်ကျော်အနုပညာရှင်များနှင့် တောင်ငူမြို့

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**

## ယနေ့ မာတိကာ


နစ်ဖက်မြင် နစ်ဖက်နားဖြင့် ချင့်ချိန်ရေးသားကြစေချင်
စာမျက်နှာ - ၆

ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာဥပဒေ ပြဋ္ဌာန်း
စာမျက်နှာ - ၇

ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေပြဋ္ဌာန်း
စာမျက်နှာ - ၈







themirror.npt@gmail.com www.facebook.com/themirrordaily